စေတနာအဖွဲ့သည် စီမံကိန်းဒေသတွင်းရှိ တောင်သူများ ကောက်ပဲသီးနှံများကို စိုက်ပျိုးသည့်အခါ ဓါတုဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှုများ လျှော့ကျစေရန်နှင့် အစဉ်တည်တံ့သောစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်၍ အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်များဖြစ်သော ဒိုချကင်းနှင့် ဘိုကာရှီသဘာဝမြေဩဇာပြုလုပ်နည်း၊ ဝါးမီးသွေးပေါင်းခံရည်နှင့် စပါးခွံပေါင်းခံရည်ထုတ်လုပ်နည်း၊ သဘာဝပိုးကာကွယ်ဆေးနှင့် သဘာဝသစ်သီး အချဉ်ဖောက် အားတိုးဆေးပြုလုပ်နည်းနှင့် သုံးစွဲနည်းများကို သရုပ်ပြပွဲများပြုလုပ်၍ ဒေသခံတောင်သူများကို စာတွေ့/လက်တွေ့ သင်ကြားပေးပါသည်။ ထို့ပြင် ပျိုးသက်နုစပါးစိုက်ပျိုးနည်းစနစ် (System of Rice Intensification)၊ တောင်ယာစပါးကို အတန်းလိုက် စိုက်ပျိုးခြင်းနည်းစနစ်နှင့် သဘာဝသွင်းအားစုများကို ထည့်သွင်းပြီး ကြက်သွန်ဖြူနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းနည်းစနစ်များကိုလည်း စံပြတောင်သူများ ရွေးချယ်ပြီး လက်တွေ့စမ်းသပ်စိုက်ပျိုးစေပါသည်။ တောင်သူများ စိုက်ပျိုးရေးဆိုင်ရာ သိသင့်သိထိုက်သည့် ဗဟုသုတများ ရရှိစေရန်အတွက် ပညာပေးဟောပြောပွဲများကို အခါအား လျော်စွာပြုလုပ်ပေးပါသည်။



## (၁) ပျိုးသက်နုစပါးစိုက်ပျိုးနည်း (System of Rice Intensification)

၂၀၁၄ စီမံကိန်းနှစ်တွင်တောင်ကြီးမြို့နယ်၊ ဘန့်ကွေးကျေးရွာအုပ်စု၊ ကုန်းညွန့်ကျေးရွာရှိ ကျေးရွာပိုင်စုပေါင်း လယ်(Community Paddy Field) (၂)ဧကတွင် ပျိုးသက်နုစပါးစိုက်ပျိုးနည်း (System of Rice Intensification SRI စနစ်)ဖြင့် ရွှေအပ်စပါးမျိုးကို စတင် စမ်းသပ်စိုက်ပျိုးခဲ့ရာ ကောင်းစွာအောင်မြင်ဖြစ်ထွန်းခဲ့ပါသည်။ ၂၀၁၅ စီမံကိန်းနှစ်တွင် တောင်ကြီးမြို့နယ်ရှိ ကုန်းညွန့်၊ ကုန်းမို့နှင့်အုတ်ဖိုကျေးရွာ၊ ရပ်စောက်မြို့နယ် မြောင်းတော်နှင့် ရှောက်ချိုကျေးရွာ- စုစုပေါင်းကျေးရွာ(၅)ရွာမှ ပျိုးသက်နုစပါးစိုက်ပျိုးနည်းကို စမ်းသပ်စိုက်ပျိုးလိုသည့် လယ်သမား စုစုပေါင်း(၉)ဦးကို စံပြလယ်သမားများအဖြစ် ရွေးချယ်ခဲ့ပါသည်။ အဆိုပါ စံပြတောင်သူတစ်ဦးလျှင် ၎င်းတို့ပိုင်ဆိုင်သည့် ၀.၅ ဧက အကျယ်အဝန်းရှိ စံပြလယ်ကွက်တွင် SRI နည်းဖြင့် စပါးကို စပ်းသပ်စိုက်ပျိုးစေခဲ့ရာ ကောင်းစွာအောင်မြင်ဖြစ်ထွန်းခဲ့ပါသည်။ (၂၀၁၅ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ) SRI နည်းဖြင့် စပါးစမ်းသပ်စိုက်ပျိုးသော ကျေးရွာပေါင်း (၁၃)ရွာရှိပြီး စံပြလယ်သမားဦးရေမှာ ၁၆၇ ဦး ရှိပြီဖြစ်ပါသည်။ အထက်ဖော်ပြပါ ကျေးရွာ (၁၃)ရွာတွင် စံပြလယ်သမားများသာမက SRI နည်းဖြင့် စပါးစိုက်ပျိုးသော လယ်သမားဦးရေမှာ တစ်နှစ်ထက်တစ်နှစ် ပိုများပြားလာပါသည်။ စပါးပျိုးထောင်သည့်အခါတွင် SRI နည်းဖြင့်သာ ပျိုးထောင်ကြပြီး ပျိုးပင်များကို လယ်ကွက်တွင်းသို့ ပြောင်းရွှေ့စိုက်သည့်အခါတွင် ပျိုးတစ်ပင်ခြင်းကို တန်းခြားပင်ခြား(၁၀” x ၉”) စနစ်ဖြင့် စိုက်ပျိုးကြပါသည်။





မှတ်ချက်။ SRI နည်းဖြင့် စပါးစိုက်ပျိုးသည့်အခါတွင် သက်တမ်း(၁၀)ရက်မှ (၁၅)ရက်ကြားရှိ ပျိုးပင်များကို ပြောင်းရွှေ့စိုက်ပျိုးရန်သတ်မှတ်ထားသော်လည်း ရှမ်းပြည်နယ်တောင်ပိုင်း၏ရာသီဥတုအခြေအနေအရ ပျိုးပင်သက်တမ်း(၂၅ရက်မှ၃၀ရက်)ကြားရှိပျိုးပင်များကိုသာ ပျိုးပင်တစ်ပင်ခြင်းကို တန်းခြားပင်ခြား (၁၀'' x ၉'') စနစ်ဖြင့် စိုက်ပျိုးကြပါသည်။

## ဇယား(က) ကျေးရွာအလိုက် S.R.I နည်းဖြင့် စပါးစမ်းသပ်စိုက်ပျိုးသည့်စံပြတောင်သူများစာရင်း (၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ)

| စဉ် | မြို့နယ် | ကျေးရွာ | တောင်သူဦးရေ | | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | |
| ၁။ | တောင်ကြီး | ကုန်းညွန့် | ၂ | ၃ | ၆ | ၈ | ၆ | ၅ | ၆ | ၆ | ၄ | ၅ | ၅၁ |
| ၂။ | | ကုန်းမို့ | ၁ | ၂ | ၁ | ၂ | ၂ | ၁ | - | - | - | ၁ | ၁၀ |
| ၃။ | | အုတ်ဖို | ၄ | - | ၁ | - | ၂ | - | - | - | - | - | ၇ |
| ၄။ | | နမ့်ဘေး | - | - | ၁ | - | - | - | - | - | - | - | ၁ |
| ၅။ | | ရေနွေး | - | - | - | - | - | ၃ | - | - | - | - | ၃ |
| ၆။ | ဟိုပုံး | နမ့်ခုတ် | - | - | - | ၅ | - | - | - | - | - | - | ၅ |
| ၇။ | ဆီဆိုင် | ကုန်းကျောင်း | - | ၂ | ၁ | ၃ | ၅ | ၅ | ၅ | ၆ | ၅ | ၄ | ၃၆ |
| ၈။ | | နောင်အယ် | - | - | - | - | ၆ | ၆ | ၆ | ၆ | ၃ | - | ၂၇ |
| ၉။ | ရပ်စောက် | မြောင်းတော် | ၁ | - | - | - | - | - | - | - | - | - | ၁ |
| ၁၀။ | ပင်းတယ | ရှောက်ချို | ၁ | ၁ | - | - | - | - | - | - | - | - | ၂ |
| ၁၁။ | ညောင်ရွှေ | နွားခမ(တောင်) | - | ၁ | ၁၀ | ၁ | ၂ | ၂ | - | - | - | - | ၁၆ |
| ၁၂။ | | နွားခမ(မြောက်) | - | ၁ | ၁၀ | ၁ | ၂ | ၂ | - | - | - | - | ၁၆ |
| ၁၃။ | | နမ့်လီ | - | - | - | - | - | ၂ | - | - | - | - | ၂ |
| | စုစုပေါင်း | | ၉ | ၁၀ | ၃၀ | ၂၀ | ၂၅ | ၂၆ | ၁၇ | ၁၈ | ၁၂ | ၁၀ | ၁၇၇ |

## ပျိုးသက်နုစပါး စိုက်ပျိုးနည်းစနစ် ပြန့်ပွားလာခြင်း

SRI နည်းစနစ်ဖြင့် စပါးစိုက်ပျိုးခြင်းသည် တောင်ကြီးမြို့နယ်၊ဘန့်ကွေးကျေးရွာအုပ်စု၊ ကုန်းညွန့်၊ကုန်းမို့နှင့် အုတ်ဖို ကျေးရွာ၊ ပင်းတယမြို့နယ်၊ ပင်ပျော်ကျေးရွာအုပ်စုရှိ ရှောက်ချိုကျေးရွာများတွင် ကောင်းစွာဖြစ်ထွန်းအောင်မြင်သဖြင့် ဘေးပတ်ဝန်းကျင်ကျေးရွာများဖြစ်သော တောင်ကြီးမြို့နယ်၊ ဘန့်ကွေးကျေးရွာအုပ်စုရှိမြေနီကုန်းကျေးရွာနှင့် ပင်းတ ယမြို့နယ်၊ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာမှ လယ်သမားများသည်လည်း SRI စနစ်ဖြင့်စပါးကို စိုက်ပျိုး လာကြပါသည်။





**ဇယား(ခ) S.R.I နည်းဖြင့် စပါးစမ်းသပ်စိုက်ပျိုးသည့်စနစ် ပြန့်ပွားလာမှု အခြေအနေပြဇယား**

| စဉ် | မြို့နယ် | ကျေးရွာ | အိမ်ခြေ | လယ်ပိုင်ဆိုင်သည့် အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု တစ်စုပျှမ်းမျှ ပိုင်ဆိုင်သည့် လယ်ဧက | လယ်ဧက စုစုပေါင်း | SRI နည်းဖြင့် စပါးစိုက်သည့် အိမ်ထောင်စု အရေအတွက် | SRI နည်းဖြင့် စပါးစိုက်သည့် ဧကစုစုပေါင်း | SRI နည်းဖြင့် စပါးစိုက်သည့် ဧက ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|
| ၁။ | တောင်ကြီး | ကုန်းညွန့် | ၂၁၈ | ၉၈ | ၂ | ၁၉၈ | ၉၈ | ၁၉၈ | ၁၀၀% |
| ၂။ | ။ | အုတ်ဖို | ၁၃၀ | ၆၄ | ၂ | ၁၂၈ | ၆၄ | ၁၂၈ | ၁၀၀% |
| ၃။ | ။ | ကုန်းမို့ | ၁၀၈ | ၅၃ | ၂ | ၁၀၆ | ၅၃ | ၁၀၆ | ၁၀၀% |
| ၄။ | ။ | ကုန်းပေါ် | ၁၀၃ | ၈၀ | ၁ | ၈၀ | ၈၀ | ၈၀ | ၁၀၀% |
| ၅။ | ။ | မြေနီကုန်း | ၁၆၄ | ၄၀ | ၁ | ၄၀ | ၄၀ | ၄၀ | ၁၀၀% |
| ၆။ | ပင်းတယ | ရှောက်ချို | ၂၁၀ | ၆၀ | ၂ | ၁၂၀ | ၁၂၀ | ၁၂၀ | ၁၀၀% |
| ၇။ | ။ | မိုင်းအင် | ၄၂၀ | ၃၀၀ | ၂ | ၆၀၀ | ၂၄၀ | ၄၈၀ | ၁၀၀% |

## ပျိုးသက်နုစပါး စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ

၁။ မိရိုးဖလာနည်းဖြင့် တစ်ဧကစိုက်ပျိုးရန် လိုအပ်သော စပါးမျိုးစေ့ပမာဏမှာ ၄၁.၇၆ ကီလိုဂရမ်ဖြစ်ပြီး SRI နည်းဖြင့် စိုက်ပျိုးပါက ၈ ကီလိုဂရမ်သာ လိုအပ်ခြင်း။

၂။ မိရိုးဖလာစိုက်နည်းထက် ပျိုးနုတ်ခ သက်သာခြင်း။

၃။ စပါးပျိုးပင်များသည် မိရိုးဖလာစိုက်နည်းထက် ပို၍သန်စွမ်းကျန်းမာပြီး တုတ်ခိုင်သဖြင့် လေတိုက် ဒဏ်ခံနိုင် ရည်ပိုရှိခြင်း။





၄။ မြေဩဇာ ကိုသတ်မှတ်နိုင်ခြင်း

၄။ မြေဩဇာင်ပျိုးခင်းမှ ပျိုးပင်မနာစေရန် ခွဲယူစိုက်ပျိုးနိုင်သဖြင့် ပျိုးပင်၊ ပျိုးမြစ် ဒဏ်ရာရခြင်းမှကင်း၍ အပင် အမြစ်ခွဲမြန်ကာ ကောက်ပင်လှန်ချိန် (၁၀)ရက် ပိုစောစေပါသည်။

၅။ ပင်ပွားနှုန်းမှာလည်း မိရိုးဖလာစိုက်နည်းထက် ပို၍ ပင်ပွားများခြင်း။

၆။ စပါးစေ့များအားလုံး အစေ့အဆံအောင်ခြင်း။

၇။ စပါးတစ်ဧကအထွက်နှုန်းမှာ မိရိုးဖလာစိုက်နည်းထက် တစ်ဧကအထွက်နှုန်း (၁၀)အထိ အထွက်ပိုမို ရရှိစေခြင်း။

၈။ ပျိုးတစ်ပင်ကို (၁၀” x ၉”) အကျယ်အဝန်းဖြင့် စိုက်ပျိုးခြင်းကြောင့် အဟာရဓါတ်လုံလောက်စွာရရှိသည့် အပြင် ကောင်းမွန်စွာရှင်သန်ပြီး စပါးနှံများသည် မိရိုးဖလာစိုက်နည်းဖြင့် စိုက်ပျိုးခြင်းထက် အနှံပိုရှည ပါသည်။

## ၂။ မျိုးကောင်းမျိုးသန့်စပါးထုတ်လုပ်ခြင်း



ဆီဆိုင်မြို့နယ်၊ နောင်မွန်ကျေးရွာအုပ်စု၊ ကုန်းကျောင်းကျေးရွာမှ လယ်သမား ဦးဘသိန်းသည် ၂၀၁၅ ခုနှစ်တွင် SRI နည်းဖြင့် ၎င်း၏လယ်ကွက်တွင် စပါးကို စမ်းသပ်စိုက်ပျိုးခဲ့ပါသည်။ စိုက်ပျိုးနည်းစနစ်ကို စေတနာအဖွဲ့၏ စိုက်ပျိုးရေးတာဝန်ခံ ဦးခွါဟရန်းမှ လက်တွေ့သင်ကြားပေးခဲ့ပါသည်။ ထိုနှစ်တွင် ဦးခွါဟရန်း၏ လမ်းညွှန်ပြသမှုဖြင့် SRI နည်းဖြင့် စိုက်ပျိုးသောစပါးပင်၏ ခေါင်နှံမှ မျိုးစပါးထုတ်လုပ်ရန်အတွက် စတင်ဆောင်ရွက်ခဲ့ပြီး မျိုးစပါးကို ၂၀၁၈ ခုနှစ်တွင် စတင်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ နှစ်စဉ်ပျှမ်းမျှ ခေါင်နှံမျိုးစပါး (၈၀) တင်း ထုတ်လုပ် နိုင်ပါသည်။ ဦးဘသိန်း ထုတ်လုပ်သော ရွှေရင်အေး မျိုးစပါးများကို ဆီဆိုင်မြို့နယ်ရှိ

နောင်ခမ်း စိုက်ပျိုးရေးသင်တန်းကျောင်း၊ ဆီဆိုင်မြို့နှင့် ဟိုပုံးမြို့နယ်ရှိ တောင်သူများမှ ဝယ်ယူကြပါသည်။

ကုန်းကျောင်းကျေးရွာမှ ဦးချောင်သည် ၂၀၁၈နှစ်တွင် SRI နည်းဖြင့် စပါးကို စမ်းသပ်စိုက်ပျိုးခဲ့ပြီး ၂၀၂၀နှစ်မှ စတင်၍ SRI နည်းဖြင့် မျိုးစပါး စတင်ထုတ်လုပ်ခဲ့ပါသည်။ ၂၀၂၂ နှစ်မှ ၂၀၂၄အထိ နှစ်စဉ် မျိုးစပါး (၇၀)တင်း ထုတ်လုပ်နိုင်ကြောင်း သိရှိရပါသည်။

မျိုးစပါးဈေးနှုန်းများ ကြီးမြင့်လာခြင်းနှင့် စပါးမျိုးသန့်များ ဝယ်ယူရရှိနိုင်ရန် ခက်ခဲခြင်းတို့ကြောင့် တောင်ကြီးမြို့နယ်၊ ဘန့်ကွေးကျေးရွာအုပ်စု၊ ကုန်းညွန့်ကျေးရွာနှင့် ဆီဆိုင်မြို့နယ်၊ ကုန်းကျောင်းကျေးရွာမှ အချို့သော လယ်သမားများသည် SRI နည်းစနစ်ဖြင့် မျိုးစပါးများ စိုက်ပျိုးထုတ်လုပ်လိုကြောင်း စေတနာအဖွဲ့သို့ တင်ပြခဲ့ပါသည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ်တွင် ကုန်းညွန့်ကျေးရွာမှ လယ်သမား(၆)ဦးနှင့် ကုန်းကျောင်းကျေးရွာမှ လယ်သမား(၄)ဦး- စုစုပေါင်း(၁၀) ဦးတို့ကို မျိုးစပါးထုတ်လုပ်မည့် စံပြတောင်သူများအဖြစ် ရွေးချယ်ပြီး မျိုးစပါးထုတ်လုပ်ရန်အတွက် ၎င်းတို့ပိုင် လယ် (၀.၅) ဧကတွင် SRI နည်းဖြင့် စပါးကို စိုက်ပျိုးစေပါသည်။ သဘာဝမြေဩဇာ (ဘိုကာရှီနှင့်ဒိုချကင်း) ပြုလုပ်ရန်အတွက်နှင့် စိုက်ပျိုးစရိတ်အတွက် တောင်သူတစ်ဦးလျှင် ကျပ်-၁၅၀၀၀၀ ကျပ်(တစ်သိန်းငါးသောင်းတိတိ) ကို စေတနာအဖွဲ့မှ ပံ့ပိုးပေးပါသည်။ ၂၀၂၄ ခုနှစ် မိုးရာသီတွင် SRI နည်းဖြင့် စမ်းသပ်စိုက်ပျိုးသော စပါးပင်များ၏ ခေါင်နှံမှ စပါးမျိုးစေ့များကို နိုဝင်ဘာလခန့်တွင် စုဆောင်းမည်ဖြစ်ပါသည်။ ၎င်းမျိုးစပါးများကို လာမည့် ၂၀၂၅ ခုနှစ် မိုးရာသီတွင် ပြန်လည်စိုက်ပျိုးပြီး မျိုးစပါးများကို ထုတ်လုပ်မည်ဖြစ်ပါသည်။

## ၂၀၂၄ ခုနှစ်တွင် SRI နည်းဖြင့် စပါးခေါင်နှံမှ မျိုးကောင်းမျိုးသန့် စပါးမျိုးစေ့ကို လက်တွေ့စမ်းသပ် ထုတ်လုပ်မည့် တောင်သူများ၏ အမည်စာရင်း

| စဉ် | မြို့နယ် | ကျေးရွာ | အမည် | စမ်းသပ်စိုက်ပျိုးသည့် စပါးမျိုး | မျိုးစေ့ပမာဏ | စမ်းသပ်လယ်ကွက် အကျယ်အဝန်း |
|---|---|---|---|---|---|---|
| ၁။ | တောင်ကြီး | ကုန်းညွန့် | ဒေါ်နန်းရင် | ရွှေရင်အေး | ၃ ကီလို | ၀.၅ ဧက |
| ၂။ | ။ | အုတ်ဖို | ဦးတင်ငွေ | ။ | ။ | ။ |
| ၃။ | ။ | ကုန်းမို့ | ဦးဖိုးနောင် | ။ | ။ | ။ |
| ၄။ | ။ | ကုန်းပေါ် | ခွန်အောင်ကျော် | ။ | ။ | ။ |
| ၅။ | ။ | မြေနီကုန်း | ဦးအွန် | ။ | ။ | ။ |
| ၆။ | ။ | ရှောက်ချို | ဦးချို | ။ | ။ | ။ |
| ၇။ | ဆီဆိုင် | ကုန်းကျောင်း | ဒေါ်နန်းတဲမ်း | ။ | ။ | ။ |
| ၈။ | ။ | ။ | ဒေါ်နန်းပဲ | ။ | ။ | ။ |
| ၉။ | ။ | ။ | ဒေါ်နန်းရင် | ။ | ။ | ။ |
| ၁၀။ | ။ | ။ | ဦးချော | ။ | ။ | ။ |

## ၃။ "တောင်ယာစပါးကို သဘာဝမြေသြဇာ ထည့်သွင်း၍ အတန်းလိုက် စိုက်ပျိုးခြင်းနည်းစနစ်"





တောင်ယာစပါးကို သဘာဝမြေသြဇာထည့်သွင်း၍ အတန်းလိုက် စိုက်ပျိုးခြင်းနည်းစနစ်ကို ၂၀၂၁ ခုနှစ်တွင် ဆီဆိုင်မြို့နယ်ရှိ ကောင်ဝါးတောင်ကျေးရွာတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါကျေးရွာမှ တောင်သူ(၅)ဦးကို စံပြတောင်သူအဖြစ် ရွေးချယ်ပြီး ၎င်းတို့ပိုင်သော တောင်ယာခြံတွင် ဝ.၅ ဧက အကျယ်အဝန်းရှိသော မြေကွက်၌ တောင်ယာစပါးကို သဘာဝမြေသြဇာ (ဒိုချကင်းနှင့် ဘိုကာရှီ သဘာဝမြေသြဇာ) ထည့်သွင်းပြီး အတန်းလိုက် (၁၀" x ၁၀") ခြား၍ စမ်းသပ်စိုက်ပျိုးစေပါသည်။ စေတနာအဖွဲ့၏ စိုက်ပျိုးရေးတာဝန်ခံမှ ဒိုချကင်းနှင့် ဘိုကာရှီ သဘာဝမြေသြဇာပြုလုပ်နည်းနှင့် စိုက်ပျိုးနည်းစနစ်များကို စံပြတောင်သူများသို့ လက်တွေ့သင်ကြားပေးပါသည်။

ထို့ပြင် စံပြတောင်သူတစ်ဦးချင်းစီသို့ ဒိုချကင်းနှင့် ဘိုကာရှီ သဘာဝမြေသြဇာပြုလုပ်ရန်အတွက် ငွေကြေး ပံ့ပိုးပေးပါသည်။ အဆိုပါနည်းစနစ်ဖြင့် တောင်ယာစပါးစိုက်ပျိုးခြင်းမှာ ကောင်ဝါးတောင်ကျေးရွာတွင် အောင်မြင် ဖြစ်ထွန်းခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် ဆီဆိုင်မြို့နယ် ကောင်းမှုဗွာကျေးရွာမှ စံပြတောင်သူ(၃)ဦးနှင့် ၂၀၂၃ ခုနှစ်တွင် ဆီဆိုင်မြို့နယ် ဝါးတောကျေးရွာမှ စံပြတောင်သူ(၃)ဦး ရွေးချယ်ပြီး တောင်ယာစပါးကို ၎င်းတို့ပိုင် အကျယ်အဝန်း (ဝ.၅) ဧကရှိ မြေကွက်တွင် စမ်းသပ်စိုက်ပျိုးစေပါသည်။ ၂၀၂၁ မှ ၂၀၂၃ ခုနှစ်အထိ ဆီဆိုင်မြို့နယ်ရှိ ကျေးရွာ (၃) ရွာ- ကောင်ဝါးတောင်၊ ကောင်းမှုဗွာနှင့် ဝါးတောတွင် ဤတောင်ယာစပါးစိုက်နည်းစနစ်ကို ဒေသခံ စံပြတောင်သူ (၃၆) ဦးသို့ လက်တွေ့သင်ကြားပေးခဲ့ပါသည်။ အဆိုပါ ကျေးရွာ(၃)ရွာတွင် စံပြတောင်သူများသာမက ဤနည်းစနစ် ဖြင့် တောင်ယာစပါးကို စိုက်ပျိုးသည့် တောင်သူဦးရေမှာလည်း များပြားလာပြီဖြစ်ကြောင်း သိရှိရပါသည်။

### အကျိုးကျေးဇူးများ

၁။ တောင်ယာစပါး စိုက်ပျိုးသည့်မြေကွက်တွင် နှစ်စဉ် တောင်ယာစပါး ထပ်မံစိုက်ပျိုးနိုင်ခြင်း။

ယခင်က တောင်ယာစပါးစိုက်ပျိုးပြီးသည့်မြေကွက်ကို နောင်နှစ်တွင် တောင်ယာစပါး ထပ်မံစိုက်ပျိုးပါ အောင်မြင်ဖြစ်ထွန်းခြင်းမရှိပါ။ အဆိုပါ မြေကွက်ကို တစ်နှစ်သို့မဟုတ် နှစ်နှစ် မြေပလပ်ထားရပါသည် ထိုသို့ ထားပြီးမှသာ တောင်ယာစပါးကို ထပ်မံစိုက်ပျိုးနိုင်ပါသည်။ သို့သော်လည်း ယခုစိုက်ပျိုးနည်းစနစ် မှာ ဒိုချကင်းနှင့် ဘိုကာရှီသဘာဝ မြေသြဇာကို ထည့်သွင်းပြီး စိုက်ပျိုးသဖြင့် မြေမှာ မြေဆီမြေနှစ်များ ပြည့်ဝပြီး ယခင်ကဲ့သို့ မြေပလပ်ထားရန်မလိုပဲ နှစ်စဉ် တောင်ယာစပါးကို စိုက်ပျိုးနိုင်ပါသည်။

၂။ တောင်ယာစပါးအထွက်နှုန်းမှာ ယခင် သမရိုးကျ စိုက်နည်းထက် ပိုမိုထွက်ရှိခြင်း။

၃။ စပါးကို အတန်းလိုက်စိုက်ပျိုးသဖြင့် ပေါင်းနှုတ်ခြင်းနှင့် စပါးပင်ကြား မြေထယ်ခြင်းတို့ကို လွယ်ကူစွာ ပြုလုပ်နိုင်ခြင်း။

## ဒိုချကင်း သဘာဝမြေသြဇာပြုလုပ်နည်း သရုပ်ပြပွဲစနစ်





## ဘိုကာရှီ သဘာဝမြေသြဇာ ပြုလုပ်နည်း သရုပ်ပြပွဲ





## မီးသွေးပေါင်းခံရည် ထုတ်လုပ်နည်း သရုပ်ပြပွဲ





# ၂၀၂၁ မှ ၂၀၂၃ ခုနှစ်ထိ စံပြတောင်သူများ၏ အမည်စာရင်းနှင့် တောင်ယာစပါး စမ်းသပ်စိုက်ပျိုးမှုအခြေပြဇယား။

| စဉ် | ခုနှစ် | မြို့နယ် | ကျေးရွာ | အမည် | စမ်းသပ်စိုက်ပျိုးသည့် စပါးမျိုး | မျိုးစေ့ ပမာဏ | စမ်းသပ်လယ်ကွက် အကျယ်အဝန်း |
|---|---|---|---|---|---|---|---|
| ၁။ | ၂၀၂၁ | ဆီဆိုင် | ကောင်ဝါးတောင် | ဦးမောင်ပွဲ | ရွှေရင်အေး | ၃ ကီလို | ၀.၅ ဧက |
| ၂။ | | ။ | ။ | ဦးခင် | ။ | ။ | ။ |
| ၃။ | | ။ | ။ | ဦးခွန် | ။ | ။ | ။ |
| ၄။ | | ။ | ။ | ဦးကျော်ရွှေ | ။ | ။ | ။ |
| ၅။ | | ။ | ။ | ဦးခွန်စံလင်း | ။ | ။ | ။ |
| ၁။ | ၂၀၂၂ | ဆီဆိုင် | ကောင်ဝါးတောင် | ဦးခွန် | ရွှေအပ် | ၃ ကီလို | ၀.၅ ဧက |
| ၂။ | | ။ | ။ | ဦးဆွဲ | ။ | ။ | ။ |
| ၃။ | | ။ | ။ | ဦးအေးမောင် | ။ | ။ | ။ |
| ၄။ | | ။ | ။ | ခွန်စံလင်း | ။ | ။ | ။ |
| ၅။ | | ။ | ။ | ဦးတေဇ | ။ | ။ | ။ |
| ၆။ | | ။ | ကောင်းမှုဗွာ | ဒေါ်ဆွဲ | ။ | ။ | ။ |
| ၇။ | | ။ | ။ | ဦးငွေ | ။ | ။ | ။ |
| ၈။ | ၂၀၂၂ | ဆီဆိုင် | ကောင်းမှုဗွာ | ဦးဆန်းမောင် | ရွှေရင်အေး | ၃ ကီလို | ၀.၅ ဧက |
| ၉။ | | ။ | ။ | ဒေါ်နန်းအောင် | ။ | ။ | ။ |
| ၁၀။ | | ။ | ။ | ဒေါ်လွန်း | ။ | ။ | ။ |
| ၁၁။ | | ။ | ဝါးတော | ဦးလွှာ | ။ | ။ | ။ |
| ၁၂။ | | ။ | ။ | ဦးမောင်အေး | ။ | ။ | ။ |
| ၁၃။ | | ။ | ။ | ဦးအောင်နိုင်ဦး | ။ | ။ | ။ |
| ၁။ | ၂၀၂၃ | ဆီဆိုင် | ကောင်ဝါးတောင် | ဦးထွက်တေဇော | ဆန်နီ | ၃ ကီလို | ၀.၅ ဧက |
| ၂။ | | ။ | ။ | ဆရာခွန် | ။ | ။ | ။ |
| ၃။ | | ။ | ။ | ခွန်မောင်ရွှဲ | ။ | ။ | ။ |
| ၄။ | | ။ | ။ | ခွန်ချစ်နိုင် | ။ | ။ | ။ |
| ၅။ | | ။ | ။ | ခွန်စံလင်း | ။ | ။ | ။ |
| ၆။ | | ။ | ကောင်းမှုဗွာ | ဦးထွက်အေး | ရွှေအပ် | ၃ ကီလို | ၀.၅ ဧက |
| ၇။ | | ။ | ။ | ခွန်သန်းမောင် | ။ | ။ | ။ |
| ၈။ | | ။ | ။ | ခွန်မောင်ငွေ | ။ | ။ | ။ |
| ၉။ | | ။ | ။ | ဒေါ်နန်းအောင် | ။ | ။ | ။ |
| ၁၀။ | | ။ | ။ | ဒေါ်နန်းခွန်း | ။ | ။ | ။ |
| ၁၁။ | | ။ | ဝါးတော | ဦးထွက်အေး | ။ | ။ | ။ |
| ၁၂။ | | ။ | ။ | ခွန်မောင်လော | ။ | ။ | ။ |
| ၁၃။ | | ။ | ။ | ခွန်မောင်စိန် | ။ | ။ | ။ |

# သဘာဝသွင်းအားစုများ ထည့်သွင်း၍ ဆောင်းသီးနှံများ စပ်းသပ်စိုက်ပျိုးခြင်း




၂၀၁၈ခုနှစ်တွင် တောင်ကြီးမြို့နယ်၊ ဘန့်ကွေးကျေးရွာအုပ်စုရှိ ကုန်းညွန့်၊ ကုန်းမို့၊ အုတ်ဖိုကျေးရွာနှင့် ညောင်ရွှေမြို့နယ်၊ မင်းချောင်းကျေးရွာအုပ်စု နွားခမ(တောင်)ကျေးရွာ-စုစုပေါင်း ကျေးရွာ(၄)ရွာမှ သဘာဝသွင်းအားစုများ ထည့်သွင်း၍ ဆောင်းသီးနှံများကို စမ်းသပ်စိုက်ပျိုးလိုသည့် တောင်သူများကို စံပြတောင်သူများအဖြစ် ရွေးချယ်ပြီး ၎င်းတို့ပိုင်ဆိုင်သည့် (၅၀ ပေ x ၅၀ ပေ)အကျယ်အဝန်းရှိသည့် မြေကွက်တွင် မိမိတို့ စမ်းသပ်စိုက်ပျိုးလိုသည့် ဆောင်းသီးနှံကို စမ်းသပ်စိုက်ပျိုးစေပါသည်။ အဓိက စမ်းသပ်စိုက်ပျိုးသောသီးနှံမှာ ကြက်သွန်ဖြူဖြစ်ပါသည်။





| | | |
|---|---|---|
| မှတ်ချက်။ | ။ | ဖရဲသီးနှင့် ခရမ်းချဉ်သီးကို စမ်းသပ်စိုက်ပျိုးသော စံပြတောင်သူများလည်း ရှိပါသည်။ စေတနာအဖွဲ့မှစံပြတောင်သူများအားသဘာဝမြေဩဇာ(ဒိုချကင်းနှင့်ဘိုကရှီ)ပြုလုပရန်အတွက်ရုံပုံငွေပံ့ပိုးခြင်းနှင့်နည်းစနစ်ကိုလမ်းညွှန်သင်ကြားပေးခြင်းများဆောင်ရွက်ပေးပါသည်။ |






သဘာဝသွင်းအားစုများကိုသာ ထည့်သွင်းစိုက်ပျိုးခြင်းဖြင့်

- မြေဆီမြေနှစ်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်ကောင်းမွန်လာပြီး ကျန်းမာသန့်စွမ်းသော သီးနှံများ ရရှိနိုင်ခြင်း
- သဘာဝမြေဩဇာပြုလုပ်ရန် မိမိဒေသအတွင်း အလွယ်တကူ ရရှိနိုင်သော ကုန်ကြမ်းပစ္စည်းများဖြင့်ပြုလုပ်နိုင်သည့်အတွက် ကုန်ကျစရိတ်သက်သာခြင်း

- သဘာဝမြေဩဇာဖြင့် စိုက်ပျိုးသောသီးနှံများသည် ဓါတုမြေဩဇာဖြင့် စိုက်ပျိုးသောသီးနှံများထက် ပိုမိုကျန်းမာသန်စွမ်းပြီး ကြာရှည်အထားခံနိုင်ခြင်း
- သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေဘဲ မြေဆီလွှာကို ပြန်လည်ကောင်းမွန်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိပါသည်။

## သဘာဝသွင်းအားစု ထည့်သွင်း၍ ဆောင်းသီးနှံ စမ်းသပ်စိုက်ပျိုးသည့် တောင်သူဦးရေစာရင်း

| စဉ် | မြို့နယ် | ကျေးရွာ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁။ | တောင်ကြီး | ကုန်းညွန့် | ၆ | ၅ | ၁၀ | ၈ | ၈ | ၉ | ၄၆ | |
| | | ကုန်းမို့ | ၁ | ၁ | - | - | - | - | ၂ | |
| | | အုတ်ဖို | ၁ | ၁ | - | - | - | - | ၂ | |
| ၂။ | ဆီဆိုင် | နောင်အယ်တောင် | - | ၁၀ | ၁၀ | ၁၃ | ၈ | ၃ | ၄၄ | |
| | | ကုန်းကျောင်း | - | - | ၅ | ၈ | ၈ | ၅ | ၂၆ | |
| | | ဝါးတော | | | | | | | | |
| | | ကောင်းမှုဗွာ | - | - | - | - | - | ၅ | ၅ | |
| | | နောင်လတ် | - | - | - | - | - | ၅ | ၅ | |
| ၃။ | ညောင်ရွှေ | နွားခမ(တောင်) | ၂ | ၁ | - | - | - | - | ၃ | |
| | | နွားခမ(မြောက်) | - | ၂ | - | - | - | - | ၂ | |
| | စုစုပေါင်း | | ၁၀ | ၂၀ | ၂၅ | ၂၉ | ၂၄ | ၂၇ | | |

# EPD စီမံကိန်းအား ပြန်လည်သုံးသပ်ခြင်း

# FOLLOW-UP ACTIVITIES

စေတနာအဖွဲ့မှ စီမံကိန်းဝန်ထမ်းများသည် စီမံကိန်းကာလအတွင်း စာသင်ကျောင်းဆောင်သစ်ဆောက် လုပ်ခြင်း လုပ်ငန်းများအပြင် ကနဦး စီမံကိန်း ပထမအဆင့်နှင့် ဒုတိယအဆင့်များတွင် ဆောက်လုပ်ပြီးစီးသည့်စာသင်ကျောင်းများနှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ အခြေအနေအား စဉ်ဆက်မပြတ် သုံးသပ်လေ့လာလျှက်ရှိပါသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအထိ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းနှင့် ကယားပြည်နယ် အတွင်း စီမံကိန်းဆောင်ရွက်ခဲ့သော ဒေသများသို့ လုပ်ငန်းပြန်လည်သုံးသပ်ရန် သွားရောက်ခဲ့သော အကြိမ်ရေအတွက် (ကျောင်း/ကျေးရွာ) မှာ အောက်ဖော်ပြပါ ဇယားအတိုင်း ဖြစ်ပါသည်။

| ခုနှစ် | လ | စုစုပေါင်း အကြိမ်အရေအတွက် (ရှမ်းမြောက်) | စုစုပေါင်း အကြိမ်အရေအတွက် (ရှမ်းတောင်) |
|---|---|---|---|
| ၂၀၁၈ | ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ | ၁၂၉ | ၉၈ |
| ၂၀၁၉ | ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ | ၅၁ | ၅၇ |
| ၂၀၂၀ | ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ | ၈၂ | ၃၇ |
| ၂၀၂၁ | ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ | ၁၄၆ | ၆၈ |
| ၂၀၂၂ | ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ | ၁၃၅ | ၉၉ |

## ဝင်ငွေတိုးလုပ်ငန်း (အသေးစားချေးငွေလုပ်ငန်း)မှ ရရှိသောဝင်ငွေဖြင့် ကျေးရွာများမှ စီမံဆောင်ရွက်ခဲ့သော လုပ်ငန်းများအား ပြန်လည်လေ့လာသုံးသပ်ခြင်း

စီမံကိန်းအဆင့် ၄ တွင် စေတနာအဖွဲ့မှ ပံ့ပိုးသော ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော အသေးစားချေးငွေလုပ်ငန်း၏ ဝင်ငွေဖြင့် ဆက်စပ်တိုးချဲ့ဆောင်ရွက်သောလုပ်ငန်းများမှာ –

(က) ဆရာ/ဆရာမများ နေအိမ်ဆောက်လုပ်ပေးခြင်း

(ခ) ကျောင်းဝင်းအုတ်တံတိုင်းနှင့် ကျောင်းအဝင်ဂိတ်တံခါး တပ်ဆင်ပေးခြင်း

(ဂ) ကျောင်းဆောင်သစ်များ တိုးချဲ့ ဆောက်လုပ်ပေးခြင်း

(ဃ) ကျောင်းသုံးအိမ်သာများ ဆောက်လုပ်ခြင်း

(င) သောက်သုံးရေးရရှိရန်အတွက် ဆောင်ရွက်ခြင်း

စသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပြီး၊ ၄င်းတို့အနက် စေတနာအဖွဲ့မှ Follow Up သွားရောက်စဥ် မှတ်တမ်းတင်ထားသော ကျေးရွာ/ကျောင်းအချို့၏ လုပ်ငန်းစဥ်များအား ဖော်ပြအပ်ပါသည်။



# (က) ဆရာ/ဆရာမများနေအိမ်ဆောက်လုပ်ပေးခြင်း

### ဗမာတိုး အထက(ခွဲ)၊ ရပ်စောက်မြို့နယ်



SII-52

| | |
|---|---|
| ▪ လုပ်ဆောင်ချက် | ဆရာများနေအိမ် ဆောက်လုပ်ခြင်း |
| ▪ ကျောင်းအရွယ်အစား | ၈၀ × ၂၄ ပေ |
| ▪ စုစုပေါင်း ကုန်ကျစရိတ် | ၃,၈၆၁,၇၀၀ ကျပ် |

### သဘော်ာ အလက(ခွဲ)၊ တောင်ကြီးမြို့နယ်



SIII-31

| | |
|---|---|
| ▪ လုပ်ဆောင်ချက် | ကျောင်းအုပ်ကြီးနေအိမ် ဆောက်လုပ်ခြင်း |
| ▪ ကျောင်းအရွယ်အစား | ၂၇ × ၁၈ ပေ |
| ▪ စုစုပေါင်း ကုန်ကျစရိတ် | ၁,၄၈၁,၀၀၀ ကျပ် |

### သရက်ပင်လု အထက(ခွဲ)၊ တောင်ကြီးမြို့နယ်



S-27

| | |
|---|---|
| ▪ လုပ်ဆောင်ချက် | ဆရာများနေအိမ် ဆောက်လုပ်ခြင်း |
| ▪ ကျောင်းအရွယ်အစား | ၂၇ × ၁၈ ပေ |
| ▪ စုစုပေါင်း ကုန်ကျစရိတ် | ၁,၄၅၇,၅၀၀ ကျပ် |

### ကောင်းမိုး အလက(ခွဲ)၊ ပင်လောင်းမြို့နယ်



SIII-4

| | |
|---|---|
| ▪ လုပ်ဆောင်ချက် | ဆရာများနေအိမ် ဆောက်လုပ်ခြင်း |
| ▪ ကျောင်းအရွယ်အစား | ၂၇ × ၁၂ ပေ |
| ▪ စုစုပေါင်း ကုန်ကျစရိတ် | ၃,၃၂၂,၅၉၀ ကျပ် |
| ▪ အသေးစားချေးငွေလုပ်ငန်း၏ ဝင်ငွေမှ ထောက်ပံ့ပေးငွေ | ၂,၂၅၆,၀၀၀ ကျပ် |

# (က) ဆရာ/ဆရာမများနေအိမ်ဆောက်လုပ်ပေးခြင်း

## တမဲ အထက(ခွဲ)၊ ပင်းတယမြို့နယ်




| | |
|---|---|
| ▪ လုပ်ဆောင်ချက် | ဆရာများနေအိမ် ဆောက်လုပ်ခြင်း |
| ▪ ကျောင်းအရွယ်အစား | ၂၄ × ၁၈ ပေ |
| ▪ စုစုပေါင်း ကုန်ကျစရိတ် | ၁,၃၀၀,၀၀၀ ကျပ် |

## နမ့်လီ အလက၊ ညောင်ရွှေမြို့နယ်




| | |
|---|---|
| ▪ လုပ်ဆောင်ချက် | ဆရာများနေအိမ် ဆောက်လုပ်ခြင်း |
| ▪ ကျောင်းအရွယ်အစား | ၆၀ × ၃၀ ပေ |
| ▪ စုစုပေါင်း ကုန်ကျစရိတ် | ၆,၁၉၅,၀၀၀ ကျပ် |
| ▪ အသေးစားချေးငွေလုပ်ငန်း၏ ဝင်ငွေမှ ထောက်ပံ့ပေးငွေ | ၃,၇၃၀,၅၀၀ ကျပ် |

## နောင်တော အထက (ခွဲ)၊ နောင်ချိုမြို့နယ်




| | |
|---|---|
| ▪ လုပ်ဆောင်ချက် | ဆရာများနေအိမ် ဆောက်လုပ်ခြင်း |
| ▪ ကျောင်းအရွယ်အစား | ၆၀ × ၃၀ ပေ |
| ▪ စုစုပေါင်း ကုန်ကျစရိတ် | ၃,၃၇၀,၄၀၀ ကျပ် |
| ကျေးရွာရန်ပုံငွေ | |

## ညောင်ထောက် အထက (ခွဲ)၊ နောင်ချိုမြို့နယ်




| | |
|---|---|
| ▪ လုပ်ဆောင်ချက် | ဆရာများနေအိမ် ဆောက်လုပ်ခြင်း |
| ▪ ကျောင်းအရွယ်အစား | ၃၂ × ၃၆ ပေ |
| ▪ စုစုပေါင်း ကုန်ကျစရိတ် | ၇,၀၈၉,၉၁၈ ကျပ် |

## (က) ဆရာ/ဆရာမများနေအိမ်ဆောက်လုပ်ပေးခြင်း

**သရက်ကုန်း အထက၊ နောင်ချိုမြို့နယ်**




| | |
|---|---|
| ▪ လုပ်ဆောင်ချက် | ဆရာများနေအိမ် ဆောက်လုပ်ခြင်း |
| ▪ ကျောင်းအရွယ်အစား | ၃၀ × ၂၀ ပေ |
| ▪ စုစုပေါင်း ကုန်ကျစရိတ် | ၄,၉၅၉,၈၀၀ ကျပ် |

**ဟာခေး အမက၊ သီပေါမြို့နယ်**




| | |
|---|---|
| ▪ လုပ်ဆောင်ချက် | ဆရာများနေအိမ် ဆောက်လုပ်ခြင်း |
| ▪ ကျောင်းအရွယ်အစား | ၆၀ × ၂၈ ပေ |
| ▪ စုစုပေါင်း ကုန်ကျစရိတ် | ၈,၂၂၇,၉၁၀ ကျပ် |

## (ခ) ကျောင်းဝင်းအုတ်တံတိုင်းနှင့် ကျောင်းအဝင်ဂိတ်တံခါးတပ်ဆင်ပေးခြင်း

**သဘော် အလက(ခွဲ)၊ တောင်ကြီးမြို့နယ်**




| | | |
|---|---|---|
| ■ | ကျောင်းဝင်းအုတ်တံတိုင်းဆောက်လုပ်ရေးကုန်ကျငွေ | ၂,၉၀၂,၀၀၀ ကျပ် |
| ■ | အသေးစားချေးငွေလုပ်ငန်း၏ ရန်ပုံငွေမှ ပံ့ပိုးငွေ | ၁,၉၈၄,၀၀၀ ကျပ် |

# (ခ) ကျောင်းဝင်းအုတ်တံတိုင်းနှင့် ကျောင်းအဝင်ဂိတ်တံခါးတပ်ဆင်ပေးခြင်း

## မီးလောင်ကုန်း အမကမူလွန်၊ ပင်လောင်းမြို့နယ်



SIII-14

- ကျောင်းဝင်းအုတ်တံတိုင်းဆောက်လုပ်ရေးကုန်ကျငွေ — ၅,၂၇၉,၁၀၀ ကျပ်
- အသေးစားချေးငွေလုပ်ငန်း၏ ရန်ပုံငွေမှ ပံ့ပိုးငွေ — ၃,၃၇၉,၁၀၀ ကျပ်

## အုမ္မသီး အထက(ခွဲ)၊ နောင်ချိုမြို့နယ်



N-45

- ကျောင်းဝင်းအုတ်တံတိုင်းဆောက်လုပ်ရေးကုန်ကျငွေ — ၁,၁၆၅,၀၀၀ ကျပ်
- အသေးစားချေးငွေလုပ်ငန်း၏ ရန်ပုံငွေမှ ပံ့ပိုးငွေ — ၁,၉၈၄,၀၀၀ ကျပ်

# (ခ) ကျောင်းဝင်းအုတ်တံတိုင်းနှင့် ကျောင်းအဝင်ဂိတ်တံခါးတပ်ဆင်ပေးခြင်း

## ပန်မြိုင်း အမကမူလွန် ၊ သီပေါမြို့နယ်



NII-18

| | | |
|---|---|---|
| ■ | ကျောင်းဝင်းအုတ်တံတိုင်းဆောက်လုပ်ရေးကုန်ကျငွေ | ၄,၄၃၁,၀၀၀ ကျပ် |

## မန်မွန်း(ခေး) အလက၊ သီပေါမြို့နယ်



N-45

| | | |
|---|---|---|
| ■ | ကျောင်းဂိတ်တံခါးဆောက်လုပ်တပ်ဆင်ခြင်း | ၅၉၀,၈၀၀ ကျပ် |

## (ဂ) ကျောင်းဆောင်သစ်များတိုးချဲ့ဆောက်လုပ်ပေးခြင်း

### သံဘို အလက(ခွဲ)၊ နောင်ချိုမြို့နယ်



NIII-40

| | | |
|---|---|---|
| ■ | KG ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကုန်ကျငွေ | ၄,၅၅၀,၄၀၀ ကျပ် |
| ■ | ကျောင်းအရွယ်အစား | (၃၆ x ၂၄) ပေ |

### အုမ္မသီး အထက(ခွဲ)၊ နောင်ချိုမြို့နယ်



NII-27

| | | |
|---|---|---|
| ■ | KG ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကုန်ကျငွေ | ၄၀၀,၀၀၀ ကျပ် + ကျေးရွာရန်ပုံငွေ |
| ■ | ကျောင်းအရွယ်အစား | (၃၂ x ၂၆) ပေ |

# (ဂ) ကျောင်းဆောင်သစ်များတိုးချဲ့ဆောက်လုပ်ပေးခြင်း

## သရက်ပင်လု အထက(ခွဲ)၊တောင်ကြီးမြို့နယ်



S-27

| | | |
|---|---|---|
| ■ | တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကုန်ကျငွေ | ၁,၂၇၁,၅၅၀ ကျပ် |
| ■ | ကျောင်းအရွယ်အစား | (၂၄ x ၂၀) ပေ |

## ကောင်းမှီး အလက(ခွဲ)၊ ပင်လောင်းမြို့နယ်



SIII-4

| | | |
|---|---|---|
| ■ | KG ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကုန်ကျငွေ | ၂,၅၅၇,၈၀၀ ကျပ် |
| ■ | ကျောင်းအရွယ်အစား | (၂၀ x ၂၄) ပေ |
| ■ | အသေးစားချေးငွေလုပ်ငန်းမှရရှိသောဝင်ငွေဖြင့် ပံ့ပိုးငွေ | ၁,၁၂၈,၀၀၀ ကျပ် |

## (ဂ) ကျောင်းဆောင်သစ်များတိုးချဲ့ဆောက်လုပ်ပေးခြင်း

### တမဲ အထက(ခွဲ)၊ ပင်းတယမြို့နယ်


SII-35

| | | |
|---|---|---|
| ■ | KG ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကုန်ကျငွေ | ၅,၀၀၀,၀၀၀ ကျပ် |
| ■ | ကျောင်းအရွယ်အစား | (၃၀ x ၄၀) ပေ |

## (ဃ) ကျောင်းသုံးအိမ်သာများဆောက်လုပ်ပေးခြင်း

### သရက်ကုန်း အထက၊ နောင်ချိုမြို့နယ်


N-35

| | | |
|---|---|---|
| ■ | ၂ ခန်းတွဲ ရေလောင်းအိမ်သာ ဆောက်လုပ်ရေးကုန်ကျငွေ | ၂,၄၂၉,၅၈၀ ကျပ် |

# (c) သောက်သုံးရေရရှိရန်အတွက် ဆောင်ရွက်ခြင်း

## ဝါးပြား အထက၊ ပင်းတယ မြို့နယ်




- ရေစင်ဆောက်လုပ်ရေးကုန်ကျငွေ

  ၇၅၆,၀၀၀ ကျပ်

## ရေဝင် အလက၊ နောင်ချိုမြို့နယ်




- ရေထောက်ပံ့ရေးအဆောက်အဦး ကုန်ကျစရိတ်

  ၁,၄၃၄,၆၀၀ ကျပ်

## မိုင်းခေး အထက ၊သီပေါမြို့နယ်




- ရေထောက်ပံ့ရေးအဆောက်အဦး ကုန်ကျစရိတ်

  ၂၆၄,၀၀၀ ကျပ်

## တာလုံ အမကမူလွန်၊ မူဆယ် မြို့နယ်




- ရေထောက်ပံ့ရေးအဆောက်အဦး ကုန်ကျစရိတ်

  ၄၀၀,၀၀၀ ကျပ်

# (င) သောက်သုံးရေရရှိရန်အတွက် ဆောင်ရွက်ခြင်း

## ပလောင်ချောင်း အလက၊ နောင်ချိုမြို့နယ်



- ရေထောက်ပံ့ရေးအဆောက်အဦး ကုန်ကျစရိတ်

၄၂၃,၀၀၀ ကျပ် + ကျေးရွာရန်ပုံငွေ

## စံပြရွှေဂူ အလက၊ နောင်ချိုမြို့နယ်



NII-44

- ရေထောက်ပံ့ရေးအဆောက်အဦး ကုန်ကျစရိတ်

၄၂၃,၀၀၀ ကျပ်

## နမ့်အွန် အထက (ခွဲ) ၊ မူဆယ်မြို့နယ်



NIII-3

- ရေလှောင်ကန် ဆောက်လုပ်ရေးကုန်ကျစရိတ် ၇၄၂,၇၅၀ ကျပ်

## “ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်း” ကျောင်းဆောင် ဆောက်လုပ်ရေးနှင့်ပတ်သက်သော လမ်းညွှန်ချက်များ









## မာတိကာ

**၁။ ကျောင်းဆောင်အရွယ်အစားနှင့် စာသင်ခန်းအရွယ်အစားသတ်မှတ်ခြင်း**

(၁-၁) ကျောင်းဆောင်အရွယ်အစားသတ်မှတ်ခြင်း

(၁-၂) စာသင်ခန်းဖွဲ့စည်းခြင်း

**၂။ အုတ်မြစ်တည်ဆောက်ခြင်း**

**၃။ လက်သမားအပိုင်း**

(၃-၁) ဆောင်ကြမ်းအပိုင်းဆောက်လုပ်ခြင်းလုပ်ငန်း (တိုင်၊ထုတ်၊ လျှောက်၊ ခေါင်လျှောက်၊ ခေါင်လျှောက်ထောက် (ထောက်ကြား)၊ ဒိုင်း၊ ဒိုင်းထောက်၊ ဒိုင်းချုပ်၊ မြားတန်း၊ မိုးတန်း၊ မြားတန်းပိတ် (ဒိုင်းပိတ်)၊ ပန်းဆွဲ )

(၃-၂) ပြတင်း၊ တံခါး ကျည်းခွေပြုလုပ်ခြင်း

(၃-၃) အမိုးမိုးခြင်း

(၃-၄) မျက်နှာကြက်တန်းနှင့် မျက်နှာကြက်ပြားတပ်ဆင်ခြင်း

(၃-၅) ပြတင်းရွက်တပ်ဆင်ခြင်း

(၃-၆) တံခါးရွက်တပ်ဆင်ခြင်း

(၃-၇) ပြတင်းတံခါးများ၏ လေဝင်ပေါက်တပ်ဆင်ခြင်း

(၃-၈) ရေတံလျှောက်တပ်ဆင်ခြင်း

(၃-၉) ဝါရံတာ ပြုလုပ်ခြင်းနှင့် ကြက်တူရွေးတန်းတပ်ဆင်ခြင်း

**၄။ ပန်းရံအပိုင်း**

(၄-၁) နံရံအုတ်ကြမ်းစီခြင်း နှင့် နံရံချောခြင်း

(၄-၂) ကြမ်းခင်းချောခြင်း

(၄-၃) ကျောင်းဆောင်ဘေးပတ်လည် ပလက်ဖောင်းခင်းခြင်းနှင့် ရေမြောင်းပြုလုပ်ခြင်း

(၄-၄) လှေကားပြုလုပ်ခြင်း

(၄-၅) မိလ္လာကန်ပြုလုပ်ခြင်း

(၄-၆) အိမ်သာဆောက်လုပ်ခြင်း

(၄-၇) ရေလှောင်ကန်ပြုလုပ်ခြင်း

(၄-၈) အလံတိုင်အုတ်ခုံတည်ဆောက်ခြင်း

# မာတိကာ


၅။ ဆေးသုတ်ဆရာအပိုင်း

(၅-၁) မျက်နှာကြက်ဆေးသုတ်ခြင်း

(၅-၂) တိုင် ပန်းဆွဲ ကျည်းခွေ ဆေးသုတ်ခြင်း

(၅-၃) ပြတင်း၊ တံခါး ဆေးသုတ်ခြင်း

(၅-၄) ကျောင်းဆောင်နံရံဆေးသုတ်ခြင်း

(၅-၅) အိမ်သာနံရံ ဆေးသုတ်ခြင်း

(၅-၆) အုတ်ခုံနံရံ ဆေးသုတ်ခြင်း

၆။ အခြား

(၆-၁) ကျောင်းသုံး ပရိဘောဂ ပြုလုပ်ခြင်း

(၆-၂) သစ်တန်မှ ပေသို့ ပြောင်းလဲတွက်ချက်ပုံ ဇယား









# “ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်း” ကျောင်းဆောင် ဆောက်လုပ်ရေးနှင့်ပတ်သက်သော လမ်းညွှန်ချက်များ

## ၁။ ကျောင်းဆောင်အရွယ်အစားနှင့် စာသင်ခန်းအရွယ်အစား သတ်မှတ်ခြင်း

### (၁-၁) ကျောင်းဆောင်အရွယ်အစားသတ်မှတ်ခြင်း

စာသင်ကျောင်းဆောင်၏အရွယ်အစားမှာ ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း ဖြစ်ပါသည်။ ထို့ကြောင့် စေတနာအဖွဲ့မှ ပံ့ပိုးကူညီဆောက်လုပ်ပေးမည့် ကျောင်းဆောင်အရွယ်အစားများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

၁။ အလျားပေ ၆၀ ပေ x အနံပေ ၃၀ ရှိတစ်ထပ်ကျောင်းဆောင်

၂။ အလျားပေ ၉၀ ပေ x အနံပေ ၃၀ ရှိတစ်ထပ်ကျောင်းဆောင်

၃။ အလျားပေ ၁၂၀ ပေ x အနံပေ ၃၀ ရှိတစ်ထပ်ကျောင်းဆောင်

မှတ်ချက်။ ကျောင်းဆောင်အနံ ပေ၃၀ ၏ အတိုင်းအတာမှာ ဝါရံတာအကျယ် ၆ပေ အပါအဝင်ဖြစ်ပါသည်။



### (၁-၂) စာသင်ခန်းဖွဲ့စည်းခြင်း

စာသင်ခန်းဖွဲ့စည်းပုံမှာ ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အတိုင်းဖွဲ့စည်းရပါမည်။

အထက်တန်းနှင့် အလယ်တန်းအတွက် စာသင်ခန်းတစ်ခန်းလျှင် ပေ၃၀ x ပေ၂၄ နှင့်

မူလတန်း အတွက် စာသင်ခန်းတစ်ခန်းလျှင် ပေ၂၀ xပေ၂၄ အရွယ်အစားဖွဲ့စည်းရပါမည်။

စာသင်ခန်း ခန်းဖြတ်နံရံကို အုတ်နံရံဖြင့် ပြုလုပ်ရပါမည်။







ပေ (၁၂၀X၃၀) ခန်းဖွဲ့ပုံစံ

ပေ (၉၀X၃၀) ခန်းဖွဲ့ပုံစံ




5

## ၂။ အုတ်မြစ်တည်ဆောက်ခြင်း

- အုတ်မြစ်မတည်ဆောက်မီ မြေနေရာရွေးချယ်သည့်အခါ မြေသားခိုင်မာမှု ရှိ / မရှိ ၊ ငလျင်ကြော ရှိ / မရှိ သေချာစွာ ရွေးချယ်ဆောင်ရွက်ရမည်။ မြေမငြိမ်သောနေရာ ၊ မြေအစိုဓါတ်ရှိသော နေရာနှင့် လယ်မြေ ၊ မိုးရာသီတွင် ရေလွှမ်းမိုးခြင်းနှင့် ရေဝပ်သည့်နေရာများတွင် ကျောင်းဆောင် ဆောက်လုပ်မည် ဆိုပါက အုတ်မြစ်အား သံကူကွန်ကရစ်ဖြင့် ဆောက်လုပ်ရပါမည်။
- အုတ်မြစ်တည်ဆောက်ခြင်းလုပ်ငန်းမှာ ထုံးကြမ်းလောင်းခြင်းအထိ ရပ်ရွာ၏ တာဝန်ဖြစ်ပါသည်။
- အုတ်မြစ်လိုင်းတူးရာတွင် အနက် ၂ပေ နှင့် ဗျက်အကျယ် ၂ပေ တူးရပါမည်။ နှစ်ထပ်ကျောင်းဆောင် ဖြစ်ပါက အနက် ၃ပေ နှင့် ဗျက်အကျယ် ၂ပေ တူးရမည်။ အုတ်ခုံတည်ဆောက်သည့်အခါတွင် အုတ်မြစ် အုတ်ရိုး ဗျက်အကျယ်မှာ ၁.၅ ပေဖြစ်ပါသည်။
- စေတနာအဖွဲ့မှ ကွန်ကရစ်ကြမ်းခင်းအချောကိုင်ခြင်း၊ အုတ်မြစ်ခုံ ဘေးပတ်လည် ကွန်ကရစ်အချောကိုင်ခြင်းနှင့် အုတ်ခုံဘေးပတ်လည်တွင် ပလက်ဖောင်းခင်းခြင်းအား တာဝန်ယူမည်ဖြစ်ပါသည်။ ပလက်ဖောင်းဧရိယာ၏အကျယ်မှာ ကျောင်းဆောင်ရှေ့မျက်နှာစာတွင် ဗျက်အကျယ် ၆ပေ ၊ ဘေးနှစ်ဖက်နှင့် နောက်ကျောဖက်တွင် ဗျက်အကျယ် ၃ပေ ဖြစ်ပါသည်။
- ကြမ်းခင်းကွန်ကရစ် မလောင်းမီ မြေကြီးကိုရေဖြန်း၍ မြေကျစ်လျစ်သိပ်သည်းမှုရှိအောင်ဆောင်ရွက်ရမည်။ မြေကြီးအပေါ်သို့ သဲကြမ်း(သို့) ဘလောက်သံခင်းရမည်။ ၎င်း၏အထူမှာ(၃)လက်မ ဖြစ်ရမည်။ ထို့နောက် ထုံးကြမ်းလောင်းရပါမည်။ ကွန်ကရစ်ကြမ်းခင်းများကွဲအက်ခြင်းမှ ကာကွယ်ရန်အတွက် ထုံးကြမ်း၏ အထူမှာ အနည်းဆုံး ၅လက်မရှိရမည်။ ထုံးကြမ်းလောင်းသည့်အခါတွင် ထုံးနှင့် သဲအချိုးမှာ ထုံး ၁ဆ သဲ၅ဆ ဖြစ်ပါသည်။
- ကွန်ကရစ်ကြမ်းခင်းတွင် အက်ကြမ်းရာများမဖြစ်ပေါ်စေရန်အတွက် မြေကြီးအား ၆လက်မခန့်အထိ ထည့်ပြီးလျှင် တစ်ကြိမ်ရေဖြန်း၍ ဒင်ထုရန်လိုအပ်ပါသည်။ (မှတ်ချက်။ မြေကြီးကိုတစ်ကြိမ်လျှင် ၆လက်မအထူဖြင့် ၃ကြိမ်ထည့်ရပါမည်။ စုစုပေါင်း ၁၈လက်မအထူဖြစ်ပါသည်။) ကျန်အပိုင်းများ ဖြစ်သော ကျောက်စရစ်ခင်းခြင်း၊ ထုံးကြမ်းလောင်းခြင်းတို့တွင်လည်း သေချာစွာ ဒင်ထုရန် လိုအပ်ပါသည်။
- အုတ်မြစ်၏ မြေပေါ်ပိုင်းအုတ်ခုံအမြင့်မှာ အမြင့်ဆုံးနေရာမှ အထက်အမြင့် ၂ပေ ကိုစံထားပါသည်။
- စာသင်ခန်းနှင့် ဝါရံတာကြမ်းပြင်အခင်းတို့၏ အမြင့်အကွာအဝေးမှာ ၆လက်မခန့်ရှိရပါမည်။

- အုတ်မြစ်တည်ဆောက်သည့်အခါတွင် စာသင်ခန်းဖွဲ့စည်းပုံမှာ ပေ(၂၀x၂၄)ဖြစ်ပါက ပေ၂၀ အကွာတွင် အုတ်မြစ်လိုင်း တစ်လိုင်းစီထည့်ရန်နှင့် အခန်းဖွဲ့စည်းပုံမှာ ပေ(၃၀x၂၄) ဖြစ်ပါက ပေ၃၀ အကွာတွင် အုတ်မြစ်လိုင်းတစ်လိုင်းစီ ထည့်ရန် စံအဖြစ် သတ်မှတ်ထားပါသည်။

- အုတ်မြစ်လိုင်းမှာ ဝါရံဒါအပိုင်းတွင်လည်း ထည့်သွင်းပေးရမည်။ ဝါရံတာ အုတ်မြစ်လိုင်း အကွာဝေးမှာ ကျောင်းဆောင်မကြီးတွင် ထည့်သွင်းထားသည့်အကွာဝေးနှင့် တူညီရပါမည်။
- အုတ်မြစ်အတွက် အုတ်စီသည့်အခါ ဘလောက်အုတ်ကို ထောင်လိုက်အနေအထားပုံစံဖြင့် စီရ ပါမည်။



## ၃။ လက်သမားအပိုင်း

- ယခုဆောက်လုပ်ရေးလမ်းညွှန်ချက်တွင် တွက်ချက်ထားသောသစ်များ၏ ပမာဏမှာ အတိအကျ တွက်ချက်ထားခြင်းဖြစ်ပါသည်။ သို့ဖြစ်၍လက်တွေ့တွင် ယခုတွက်ချက်မှုထက် အနည်းငယ် ပိုနိုင်ပါသည်။
- ကျောင်းဆောင်ဆောက်လုပ်ရေးလုပ်ငန်းတွင် လက်သမားဆရာမှ ဆောင်ရွက်ရမည့်လုပ်ငန်း များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၃-၁) ဆောင်ကြမ်းအပိုင်းဆောက်လုပ်ခြင်းလုပ်ငန်း (တိုင်၊ထုတ် နှင့် လျှောက်၊ ခေါင်လျှောက်၊ ခေါင်လျှောက် ထောက် (ထောက်ကြား)၊ ဒိုင်းနှင့် ဒိုင်းထောက်၊ ဒိုင်းချုပ်၊ မြားတန်း၊ မိုးတန်း၊ မြားတန်းပိတ် (ဒိုင်း ပိတ်)၊ ပန်းဆွဲ )

(၃-၁-၁) တိုင်ထောင်ခြင်း

- တိုင်ကို သစ်မာဖြင့် အသုံးပြုရပါမည်။

- တိုင်၏ အရွယ်အစားမှာ (၅x၅)လက်မ ဖြစ်ပါသည်။
- တိုင်များကို ရွှေဘော်ထိုးရမည်။
- တိုင်အရှည်မှာ အလယ်တိုင် ၁၅ပေ ၊ ဘေးဖက်လက်ခံတိုင် ၁၂ပေ ၊ ဝါရံတာ ၁၁ ဖြစ်ပါသည်။
- တိုင်ကို အင်္ဂတေ ကွန်ကရစ်ဖြင့်သော်၎င်း ၊ ဘလောက်အုတ်ဖြင့်သော်၎င်း အပေါ်မှ ဖုံးအုပ်ခြင်းမပြုရပါ။
- အုတ်စီသည့်ဖက်တွင်ရှိသော တိုင်မျက်နှာပြင်၏ အလယ်နေရာတွင် အုတ်လိုင်းထိုးခြင်း နှင့် ဆေးကတ္တရာ သုတ်ခြင်းများ ဆောင်ရွက်ရမည်။




### (၃-၁-၂) ထုတ်နှင့်လျှောက်

- ထုတ် နှင့် လျှောက်ကို (၆x၂)လက်မအရွယ်အစားရှိသစ်ကို အသုံးပြုရမည်။
- ထုတ်အရှည်မှာ ၂၅ ပေဖြစ်ပြီး လျှောက်အရှည်မှာ ၂၁ ပေဖြစ်ပါသည်။
- ဝါရံတာ ဖက်တွင်ရှိသော ထုတ်တန်းမှာ တိုင်ရှိသည့်နေရာများတွင် ၂တန်းထည့်ပေးရမည်ဖြစ်ပြီး ဘေးအစွန်နှစ်ထက်မှာ ၁တန်းစီ ထည့်ရပါမည်။

မှတ်ချက်။ ထုတ်လျှောက်များကို တိုင်အတွင်းဖက်တွင်ထည့်ရမည်။ တိုင်ကို ၄.၇၅လက်မချန်ပြီး ကျန် ၀.၂၅ လက်မကိုသာ ထုတ် လျှောက်များတပ်ဆင်ရန်အတွက် ထစ်ခွာရမည်။ ဝါရံတာအပိုင်းတွင် လျှောက်များအား တိုင်အပြင်ဖက်တွင် ထည့်ရမည်။

### (၃-၁-၃) ခေါင်လျှောက်

- ခေါင်လျှောက်ကို (၆x၂)လက်မအရွယ်အစားရှိသစ်ကို အသုံးပြုရမည်။
- ခေါင်လျှောက်အတွက်သုံးသော သစ်အရှည်မှာ စာသင်ခန်းဖွဲ့စည်းပုံပေါ် မူတည်၍ ပြောင်းလဲမှု ရှိပါသည်။

  ပေ (၃၀x၂၄) စာသင်ခန်းအတွက်မှာ ၃၁ပေအရှည်သစ်လိုအပ်ပြီး ၊ ပေ(၂၀x၂၄) စာသင်ခန်းအတွက မှာ ၂၁ပေအရှည် သစ်လိုအပ်ပါသည်။

### (၃-၁-၄) ခေါင်လျှောက်ထောက် (ထောက်ကြား)

- ခေါင်လျှောက်ထောက်အတွက် (၄x၂) လက်မအရွယ်ရှိသစ်ကို အသုံးပြုရမည်။

### (၃-၁-၅) ဒိုင်း နှင့် ဒိုင်းထောက်

- ဒိုင်းကို (၅x၂) လက်မအရွယ်ရှိ သစ်ကို အသုံးပြုရမည်။
- ဒိုင်းအတွက် အသုံးပြုရမည့်သစ်အရှည်မှာ ၂၄ပေ နှင့် ၁၈ ပေတို့ဖြစ်ပါသည်။







### (၃-၁-၆) ဒိုင်းချုပ်

- ဒိုင်းချုပ်ကို (၄x၂) လက်မအရွယ်အစားရှိ သစ်ကို အသုံးပြုရမည်။
- ကြားဒိုင်းတစ်ဒိုင်းလျှင် ဒိုင်းချုပ် ၂ချောင်းထည့်ရပါမည်။

မှတ်ချက်။ ထုတ် နှင့် လျှောက်၊ ခေါင်လျှောက်၊ ခေါင်လျှောက် ထောက် (ထောက်ကြား)၊ ဒိုင်းနှင့် ဒိုင်းထောက်၊ ဒိုင်းချုပ်များကို တပ်ဆင်သည့်အခါတွင် ဘိုးနတ်ဖြင့်သာ တပ်ဆင်ရပါမည်။

### (၃-၁-၇) မြှားတန်း နှင့် မိုးတန်း

- မြှားတန်းနှင့် မိုးတန်းကို (၃x၂) လက်မအရွယ်အစားရှိ သစ်ကို အသုံးပြုရမည်။
- မြှားတန်းအတွက် အသုံးပြုသော သစ်အရှည်မှာ ၂၁ပေ နှင့် ၂၄ ပေဖြစ်ပါသည်။
- မြှားတန်းအရေအတွက်မှာ အရှည့်ဖက်အခြမ်းတွင် ၁၀တန်းဖြစ်ပြီး အနောက်ဖက်အခြမ်းတွင် ၇တန်း ဖြစ်ပါသည်။

### (၃-၁-၈) မြှားတန်းပိတ် (ဒိုင်းပိတ်)

- မြှားတန်းပိတ် အောက်ခံကို (၃x၂) လက်မအရွယ်အစားရှိ သစ်ကို အသုံးပြုရမည်။
- မြှားတန်းပိတ်အတွက် အသုံးပြုသော သစ်အရှည်မှာ ၁၈ပေ နှင့် ၂၄ပေ ဖြစ်ပါသည်။

### (၃-၁-၉) ပန်းဆွဲ

- ပန်းဆွဲ အား(၈x၁) လက်မအရွယ်အစားရှိ သစ်ကို အသုံးပြုရမည်။
- ပန်းဆွဲအတွက် အသုံးပြုသော သစ်အရှည်မှာ ၂၁ပေ နှင့် ၂၄ပေ ဖြစ်ပါသည်။

မှတ်ချက်။ ထုတ်၊ လျှောက်၊ ဒိုင်း၊ မြှားတန်းများတပ်ပြီးအမိုးမမိုးမီတွင် Redoxide ဆေးအားလက်သမားမှ သုတ်ပေးရမည်ဖြစ်ပါသည်။

### (၃-၂) ပြတင်း၊ တံခါး ကျည်းခွေ ပြုလုပ်ခြင်း

- ပြတင်း၊ တံခါး များ၏ ကျည်းခွေဘောင်အတွက် အသုံးပြုရမည့် သစ်အမျိုးအစားမှာ အင်ကြင်းသစ် (သို့) သစ်မာ အမျိုးအစားကို အသုံးပြုရပါမည်။
- ပြတင်း၊ တံခါးများ၏ ကျည်းခွေအတွက် အသုံးပြုရမည့် သစ်အရွယ်အစားမှာ (၅x၃)လက်မဖြစ် သည်။
- ပြတင်းကျည်းခွေပြုလုပ်ရာတွင် ကတုံးကျည်းခွေဖြင့်ပြုလုပ်ရန် စံသတ်မှတ်ထားပါသည်။
- တံခါးကျည်းခွေတွင် ခြေချော်ထည့်ပါက အုတ်မြစ်လိုင်းကို ၃လက်မထွင်းပြီးမှ ထည့်ရပါမည်။








- အမိုးပုံစံမှာ နှစ်ထက်ချ အလူဇင့်အမိုး ဖြစ်ပါသည်။
- အလူဇင့်အမိုး၏ အထူမှာ (0.42mm) အရွယ်အစားဖြစ်ပါသည်။
- သွပ်အမိုးမိုးသည့်အခါတွင် သွပ်မိုးသံ (သို့) စကူဖြင့် အသုံးပြုနိုင်ပါသည်။
- သွပ်မိုးသံများကို သွပ်လိုင်း တစ်လိုင်းခြားစီရိုက်ပြီး စီလီကွန်ကော်ဖြင့် သွပ်မိုးသံများအား ပိတ်ရမည်။

### (၃-၄) မျက်နှာကြက်တန်းနှင့် မျက်နှာကြက်ပြားတပ်ဆင်ခြင်း

- မျက်နှာကြက်ဖရိန်အတွက် အသုံးပြုရမည့် သစ်အမျိုးအစားမှာ အင်သစ်ဖြစ်ပြီး သစ်အရွယ်အစားမှာ ပင်မတန်း (၃x၂)လက်မနှင့် ကန့်လန့်ဖြတ်တန်း (၂x၂)လက်မဖြစ်ပါသည်။ ထိုသစ်များကို မတပ်ဆင်မီ ရွှေဘော်ထိုးပေးရမည်။
- (၂၀x၂၄)ပေ အရွယ် အခန်းတွင် မျက်နှာကြက်ဖရိန်ပြုလုပ်ရာတွင် ပေ(၂၀)အပိုင်း၌ (၃x၂)အရွယ်ရှိ သစ်ကို ဒေါင်လိုက်တပ်ဆင်ရမည်။ သစ်အရှည်မှာ (၁၀)ပေ နှစ်ဆက် ဖြစ်ပါသည်။
- မျက်နှာကြက်တန်းဆွဲအတွက် သစ်မှာ (၂x၂)လက်မအရွယ် သစ်ဖြစ်ပြီး (၁၀x၂၄)ပေ အရွယ်အခန်းတွင် ဆွဲတန်း (၁၃)ချောင်းခန့် ထည့်ရမည်။
- မျက်နှာကြက်ပြားမှာ ( fibers cement sheet) 5mm အမျိုးအစားကို အသုံးပြုရမည်။
- မျက်နှာကြက်ပြားတပ်ဆင်ရာတွင် တစ်ချပ်နှင့်တစ်ချက်အကြား ၀.၂၅ လက်မခန့် ဟထားရပါမည်။
- မျက်နှာကြက်အား ကျောင်းဆောင်အခန်းတွင်းများတွင်သာမက ကျောင်းဆောင်အပြင်ဖက် အမိုးအောက်ပတ်ပတ်လည်တွင်လည်း တပ်ဆင်ရမည်။
- မျက်နှာကြက်ပြားတပ်ဆင်ရာတွင် အခန်းတစ်ခန်းလျှင် လူဝင်ပေါက်နှစ်ပေါက်စီ တပ်ဆင်ရပါမည်။
- လူဝင်ပေါက်အား အခန်းတိုင်းတွင် တပ်ဆင်ရမည်။
- မျက်နှာကြက်ပြားနှင့် နံရံဆုံသည့်နေရာတွင် ဟနေခြင်းမရှိရန် ဆောင်ရွက်ရမည်။
- အခန်းနံရံချောခြင်းနှင့် ခန်းဖြတ် နံရံချောခြင်းလုပ်ငန်းပြီးမှသာ မျက်နှာကြက် ဖရိမ်ကို ပြုလုပ်ရပါမည်။





### (၃-၅) ပြတင်းရွက်တပ်ဆင်ခြင်း

- ပြတင်းရွက်မှာ ကျွန်းပြတင်းရွက်ဖြစ်ပါသည်။
- ပြတင်းရွက်အရွယ်အစားမှာ အောက်ဖော်ပြပါပုံတွင်ဖော်ပြထားသည့်အတိုင်း အမြင့်(၄)ပေနှင့် အကျယ်(၁.၅)ပေ ဖြစ်ပါသည်။ ပြတင်းပေါက်မှာ ပြတင်းရွက် သုံးရွက်ဖွင့် မှန်ပြတင်းဖြစ်ပါသည်။ ပြတင်းတစ်ရွက်လျှင် မှန်ကွက်(၃)ကွက် ပါရမည်။

- ပြတင်းရွက်ကို မှန်တပ်ဆင်ခြင်းမပြုဘဲ သစ်သားအပိတ်ဖြင့်ပြုလုပ်ခြင်း (သို့) သစ်သားတစ်ပိုင်း မှန်တစ်ပိုင်းဖြင့်ပြုလုပ်ခြင်း နှင့် အရောင်ပါသောမှန်များ တပ်ဆင်ခြင်း မပြုရပါ။
- ဘောက်ချိတ်တပ်ဆင်ရာတွင် ပြတင်းပေါက်အောက်ပိုင်းတွင် တပ်ဆင်ရပါမည်။







**(၃-၆) တံခါးရွက်တပ်ဆင်ခြင်း**

- တံခါးရွက်မှာ ကျွန်းတံခါးရွက်ဖြစ်ပါသည်။
- တံခါးရွက် အရွယ်အစားမှာ ပုံတွင်ဖော်ပြထားသည့်အတိုင်း အမြင့်(၇)ပေနှင့် အကျယ်(၂)ပေ (၂) ရွက်ဖွင့် ဖြစ်ပါသည်။
- တံခါးများမကျစေရန်တံခါးအတွင်းဖက်တွင်ဗျက်(၁)လက်မရှိသံပြားကိုအပေါ်အောက်ထောင့်ဖြတ် screw ဖြင့် ဆွဲရမည်။
- တံခါးရွက်ဖွင့်ထားသည့်အခါတွင် ချိန်းကြိုး(သို့)ဘောက်ချိတ်ဖြင့် ချိတ်ဆွဲတပ်ဆင်ရမည်။










## (၃-၇) ပြတင်း၊ တံခါးများ၏ လေဝင်ပေါက်တပ်ဆင်ခြင်း

- ပြတင်း၊တံခါး အပေါ်ဖက်တွက် ဖွင့်ပိတ်၍ရသော လေဝင်လေထွက် မှန်ပြတင်းပေါက်ကို တပ်ဆင်ရမည်။
- ပြတင်းပေါက်အပေါ်ရှိ လေဝင်လေထွက်ပေါက် အရွယ်အစားမှာ အမြင့်(၁၈)လက်မနှင့် အကျယ် (၂၈.၅)လက်မ ဖြစ်ပါသည်။
- တံခါးပေါက်အပေါ်ရှိ လေဝင် လေထွက်ပေါက် အရွယ်အစားမှာ အမြင့်(၁၈)လက်မနှင့် အကျယ် (၂၂.၅)လက်မ ဖြစ်ပါသည်။







## (၃-၈) ရေတံလျှောက် တပ်ဆင်ခြင်း



- ရေတံလျှောက်ကို ကျောင်းဆောင်၏ အရှေ့မျက်နှာစာနှင့် အနောက်ဖက်တွင် (၆)လက်မ အရွယ်ရှိ ရေတံလျှောက် တပ်ဆင်ရမည်။
- ရေတံလျှောက်ကို အသင့်တပ်ဆင်ပြီး ရေတံလျှောက်ဖြင့် တပ်ဆင်အသုံးပြုရမည်။
- ရေတံလျှောက်တပ်ဆင်ရာတွင် အသုံးပြုသော ရေတံလျှောက် ဘရက်ကက် အကွာအဝေးမှာ တစ်ခုနှင့် တစ်ခု (၁.၅)ပေ ဖြစ်ပါသည်။
- ရေတံလျှောက်တစ်ခုနှင့်တစ်ခုအား ဆက်ရာတွင် ရပစ် Rivetဖြင့်ရိုက်ပြီး စီလီကွန်ကော်ဖြင့် အဆက်များအား ပိတ်ရမည်။
- ရေတံလျှောက်မှ ရေလှောင်ကန်အတွင်းသို့ ရေစီးဆင်းနိုင်ရန်အတွက် ရေဆင်းပိုက်များကို ဒေါင်လိုက် တပ်ဆင်ရမည်။
- ရေဆင်းပိုက်များတပ်ဆင်ရာတွင် ပေ(၆၀x၃၀)ပေ အရွယ် ကျောင်းဆောင်၌ ရေတံလျှောက်ထိပ် (၂) ဖက်နေရာတွင်လည်းကောင်း၊ပေ(၉၀x၃၀)ပေအရွယ်နှင့်ပေ(၁၂၀x၃၀)ပေအရွယ်ကျောင်းဆောင်၌ ရေတံလျှောက်ထိပ် (၂)ဖက် နှင့် အလယ်(၁)နေရာ စုစုပေါင်း(၃) နေရာတွင် တပ်ဆင်ရမည်။
- ရေဆင်းပိုက်များအား (၃)လက်မ PVC ပိုက်ဖြင့် အသုံးပြုရမည်။
- ရေဆင်းပိုက်များ ခိုင်ခံမှုရှိစေရန် ရေပိုက်ဘရက်ကက်များ အသုံးပြု၍ တိုင်တွင်ကပ်၍ တပ်ဆင်ရမည်။
- ရေတံလျှောက်မှကျဆင်းသောရေများ ကျောင်းဆောင်ပတ်လည်တွင် ရေမဝတ်စေရန် ရေမြောင်းများအတွင်းသို့ ရေစီးဆင်းစေရန် ဆောင်ရွက်ရမည်။

### (၃-၉) ဝါရံတာ ပြုလုပ်ခြင်း နှင့် ကြက်တူရွေးတန်းတပ်ဆင်ခြင်း

- ဝါရံတာကို အုတ်ဖြင့် (၄)လက်မ အုတ်ရိုးစီရမည်။
- ဝါရံတာ လက်ရမ်းအပေါ်တွင် (၅)လက်မ ကျောက်ထုတ် အချုပ်ချုပ်ရမည်။
- ဝါရံတာ အမြင့်မှာ ကြမ်းခင်းမှ (၃)ပေအမြင့် ဖြစ်ပါသည်။
- ပန်းဘလောက်များကို သင့်လျော်သလို ထည့်နိုင်ပါသည်။
- ကြက်တူရွေးတန်းကို ကျောင်းဆောင်ရှေ့မျက်နှာစာတွင် အမြင့်(၂.၅)ပေ စံထား၍တပ်ဆင်ရမည်။








# ၄။ ပန်းရံအပိုင်း

## (၄-၁) နံရံအုတ်ကြမ်းစီခြင်းနှင့် နံရံချောခြင်း

- ကျောင်းဆောင်နံရံအား ဘလောက်အုတ်ဖြင့်စီရန် စံ အဖြစ်သတ်မှတ်ပါသည်။
- နံရံများ ပြိုကျ ပျက်စီးခြင်းမှကာကွယ်နိုင်ရန်အတွက် အုတ်၃လွှာ တိုင်းတွင် ဘရက်ကက် တစ်ချောင်းစီထည့်ပြီး ပုံတွင်ပြထားသည့်အတိုင်း တိုင်နှင့်ချိတ်ဆက် ပူးတွဲပေးရမည်။





- ဘလောက်အုတ်နှင့် အင်္ဂတေ ထိစပ်သည့် ပြတင်းတံခါးကျည်းခွေများ၏ မျက်နှာပြင်နေရာကို ဆေးကတ္တရာ သုတ်ရမည်။
- ရေတက်နိုင်သော အနေအထားမျိုးဖြစ်ပါက အုတ်မြစ်လိုင်းအပေါ်ပိုင်းတွင် စိုထိုင်းစကို ထိန်းချုပ်နိုင်သည့် အင်ပါမို အမှုန့် ( water proofing powder) အား ဘိလပ်မြေနှင့် သဲရောစပ်ထားသည့် ကွန်ကရစ်ကို ခင်းပြီးမှ အုတ်နံရံစီရန်ဖြစ်ပါသည်။
- ကွန်ကရစ် မာဆလာ ဖျော်သည့်အခါတွင် မြေကြီးပါဝင်မှုမရှိသော သဲကို အသုံးပြုရမည်။
- ခေါင်မိုးနှင့် နံရံကြားနေရာတွင် ကြွက်၊ ငှက် အစရှိသော တိရစ္ဆာန် အကောင်ငယ်များ မဝင်ရောက်နိုင်ရန်အတွက် မြင့်မိုရ်ပိတ်နေရာတွင် ဘလောက်အုတ်ဖြင့် သွပ်မိုးအထိ အလုံပိတ်ရန် စံအဖြစ်သတ်မှတ်ပါသည်။
- ဘိလပ်မြေ မာဆလာ ဖျော်ဆပ်သည့်အခါတွင် ဘိလပ်မြေ ၁၊ ထုံး ၃၊ သဲ ၆ ဆဖြင့် ရောစပ်ရပါမည်။
- ထုံးနံရံကွာကျခြင်း၊ ထုံးပေါက်ခြင်းများ မဖြစ်စေရန် ထုံးကို ဇကာဖြင့် သေချာစွာစစ်ခြင်း၊ မဆလာ ဖျော်စပ်ပြီးပါက ချက်ခြင်းအသုံးမပြုဘဲ တစ်ညသိပ်ထားပြီးမှ အသုံးပြုရမည်။
- ကျောင်းဆောင်၏ ဘေးဖက်ရှိ မြင့်မိုရ်ပိတ်နေရာတွင် လေဝင်လေထွက် ရရှိစေရန်အတွက် တပ်ဆင်ထားသော ပန်းဘလောက်ကို ငှက်များ မဝင်နိုင်စေရန်အတွက် အတွင်းဖက်တွင် သဇကာ တပ်ဆင်ရန်လိုအပ်ပါသည်။
- နံရံချောလုပ်ငန်း ဆောင်ရွက်သည့်အခါတွင် နံရံအတွင်းပိုင်းနှင့် အပြင်ပိုင်းနှစ်ဖက်လုံး အချောကိုင်ရမည်။

- ပြတင်းတံခါး ကျည်းခွေ၏ အပေါ်နှင့်အောက်ဖက်တွင် ကျောက်ထုတ်ထည့်ရမည်။ ကျောက်ထုတ် အရွယ်အစားမှာ ၅လက်မ ဖြစ်ပါသည်။
- ဝင်ပေါက်တံခါးမကြီး၏အလယ်တွင် ကျောက်ထုတ်ထည့်ရမည်။
- ကျောက်ထုတ်အတွက် ကွန်ကရစ် မာဆလာ ဖျော်စပ်သည့်အခါ ထုံးမပါဝင်ရပါ။ ဘိလပ်မြေ ၁ဆ သဲ၆ဆ ရောစပ်အသုံးပြုရမည်။
- ကျောက်ထုတ်တွင်၃မူးသံချောင်းသို့မဟုတ်၅မူးသံချောင်း(၂)ချောင်းကိုထည့်ပြီး၄လက်မသံချောင်း သို့မဟုတ် ၃ပဲ သံချောင်းဖြင့် ၁ပေခြားစီချုပ်ရပါမည်။ သံဆူးကြိုးအသုံးပြုလျှင် သံဆူးကြိုး ၄ချောင်း ထည့်၍ ကျောက်ထုတ်လောင်းရပါမည်။




ကျောက်ထုတ်ပုံစံ





## (၄-၂) ကြမ်းခင်းချောခြင်း

- ကြမ်းခင်းအချောကိုင်ရန် ဘိလပ်မြေကွန်ကရစ် မာဆလာ ဖျော်စပ်သည့် အချိုးအစားမှာ ဘိလပ်မြေ(၁) သဲနှ(၅) အချိုးဖြစ်ပါသည်။
- ကွန်ကရစ်ကြမ်းခင်း အချောပိုင်း၏ ကြမ်းခင်းအထူမှာ (၁.၅)လက်မဖြစ်ပါသည်။
- တံခါးကျည်းခွေတွင် ခြေကျော်ထည့်ပါက ကြမ်းခင်းကို ခြေကျော်နှင့် အညီခင်းရပါမည်။
- ကြမ်းခင်းခင်းသည့်အခါတွင် အခန်းတစ်ခန်းအား တစ်ရက်တည်းအပြီးခင်းရပါမည်။ ကြမ်းခင်းခင်းလျှင် ဆက်ရာများ မရှိစေရပါ။




## (၄-၃) ကျောင်းဆောင်ဘေးပတ်လည် ပလက်ဖောင်းခင်းခြင်းနှင့် ရေမြောင်းပြုလုပ်ခြင်း

- ပလက်ဖောင်းကို ကျောင်းဆောင်၏ ရှေ့မျက်နှာစာဖက်တွင် ရေမြောင်းအပါ အကျယ်(၇)ပေ၊ နောက်ကျောနှင့် ဘေးနှစ်ဖက်တွင် ရေမြောင်းအပါ အကျယ်(၄)ပေ ခင်းရပါမည်။
  ပလက်ဖောင်းပြုလုပ်ရာတွင် ရှေးဦးစွာ အုတ်မြစ်လိုင်းပြုလုပ်၍ အုတ်မြစ်အတွင်း ကျောက်စီသကဲ့သို့ ပုံတွင်ပြထားသည့်အတိုင်း (၆x၈) လက်မ ကျောက်များစီ၍ ထုံးဖြုန်းမာဆလာ ဖြင့် စီရပါမည်။ ၎င်းအပေါ်











မှ ဘိလပ်မြေဖြင့် ကွန်ကရစ်ကြမ်းခင်းပြုလုပ်ရမည်ဖြစ်ပါသည်။ ပလက်ဖောင်း၏ ဘေးပတ်လည်တွင် အကျယ်(၈)လက်မ၊ အနက်(၈)လက်မအရွယ် ရေမြောင်းပြုလုပ်ပေးရပါမည်။

- အိမ်သာသွားလမ်း ပလက်ဖောင်းအား အကျယ်(၄)ပေ ပြုလုပ်ရန်စံအဖြစ်သတ်မှတ်ပါသည်။ လမ်းရှည် ပေ (၇၀)ထက်ပိုသော ကုန်ကျစရိတ်ကို ရပ်ရွာမှပြုလုပ်ပေးရမည်။
- ကျောင်းဆောင်၏ ရှေ့မျက်နှာစာဖက်ရှိ ကွန်ကရစ်ရေမြောင်းကို သံပန်းဖြင့် အဖုံးပြုလုပ်တပ်ဆင်ရမည်။

မှတ်ချက်-ကျောင်းဆောင်ဘေးနှစ်ဖက်ခြမ်းနှင့် ကျောင်းဆောင်နောက်ကျောဖက်တွင် ရေမြောင်းဖုံး တပ်ဆင်လိုပါက ရပ်ရွာရန်ပုံငွေဖြင့် တပ်ဆင်နိုင်ပါသည်။

## (၄-၄) လှေကားပြုလုပ်ခြင်း

- လှေကားပြုလုပ်ရာတွင် ပေ(၆၀x၃၀)အရွယ်အစားရှိကျောင်းဆောင်တွင် (၁၀)ပေအရွယ်ရှိ လှေကား (၂)စင်း တပ်ဆင်ရပါမည်။
- ပေ(၉၀x၃၀)အရွယ်အစားရှိကျောင်းဆောင်တွင် (၂၀)ပေအရွယ်ရှိ လှေကား(၁)စင်း၊ (၁၀)ပေအရွယ်ရှိ လှေကား(၂)စင်း (သို့မဟုတ်) (၁၀)ပေအရွယ်ရှိ လှေကား(၃)စင်း (သို့မဟုတ်) (၃၀)ပေအရွယ်ရှိ လှေကား(၁)စင်း၊ (၁၀)ပေအရွယ်ရှိ လှေကား(၂)စင်း တပ်ဆင်နိုင်ပါသည်။
- ပေ(၁၂၀x၃၀)အရွယ်အစားရှိကျောင်းဆောင်တွင်(၂၀)ပေအရွယ်ရှိလှေကား(၃)စင်း တပ်ဆင်ရပါမည်။
- လှေကားထစ်(၁)ထစ်၏ အမြင့်မှာ (၈)လက်မဖြစ်ပြီး ဗျက်အကျယ်မှာ (၁)ပေ စံသတ်မှတ်ပါသည်။
- ပုံမှန်မြေအနေအထားတွင် (၆)လက်မလှေကားထစ် (၂)ထစ်ပြုလုပ်ရန် စံသတ်မှတ်ပါသည်။

မှတ်ချက်-ကျောင်းဆောင်ဘေးနှစ်ဖက်ခြမ်းနှင့် ကျောင်းဆောင်နောက်ကျောဖက်တွင် ရေမြောင်းဖုံး တပ်ဆင်လိုပါက ရပ်ရွာရန်ပုံငွေဖြင့် တပ်ဆင်နိုင်ပါသည်။









## (၄-၅) မိလ္လာကန်ပြုလုပ်ခြင်း

မိလ္လာကန်ကို (၃)ခန်းတွဲအိမ်သာဖြစ်စေ၊ (၅)ခန်းတွဲအိမ်သာဖြစ်စေ အရွယ်အစားတူညီသော မိလ္လာကန်ကို ပြုလုပ်ရမည်။ ပင်မ မိလ္လာကန်သည် အလျား ၁၄ပေ၊ အနံ ၆ပေ၊ အနက်၆.၅ပေရှိ အခန်း(၃)ခန်း A1,A2,B တို့ပါရှိပါသည်။ C စိမ့်ကန်သည် အလျား၅ပေ၊ အနံ၅ပေ၊ အနက်၆.၅ပေ ဖြစ်ပါသည်။ A1 အခန်းသည် အညစ်အကြေးဖတ်များကျသည့် အခန်းဖြစ်ပြီး A2 အခန်းမှာ အညစ်အကြေးဖတ် အစိုင်အခဲထိန်းခန်းနှင့် B အခန်းမှာ ရေကြည်အခန်းဖြစ်ပါသည်။

ပင်မ မိလ္လာကန်တည်ဆောက်ရန်အတွက် ကျင်းတူးသည့်အခါတွင် အလျား၁၅ပေ၊ အနံ၇ပေ၊ အနက်၇ပေ တူးရပါမည်။ မိလ္လာကန်အုတ်ရိုးစီမည့်နေရာများတွင် အနက်၁၈လက်မနှင့် အကျယ်၁၅လက်မ တူးပြီး အုတ်မြစ်လိုင်း တည်ဆောက်ရပါမည်။ မိလ္လာကန်၏အောက်ခြေ ကွန်ကရစ်ကြမ်းခင်းကို ကွန်ကရစ် မာဆလာ 1:3:6 ဖြင့် ၄လက်မခွဲ အထူခင်းရပါမည်။ ၎င်းကွန်ကရစ်ကြမ်းခင်းပေါ်တွင် ကွန်ကရစ် မာဆလာ 1:2:4 ဖြင့် ၁လက်မခွဲ အထူ ကြမ်းခင်းချောပေး ရပါမည်။

အိမ်သာခန်းအသီးသီးမှ အညစ်အကြေးစတင်ဝင်ရောက်သည့်ကန် mainhole ကို အတွင်းကျဉ်း (အလျား ၁၈ လက်မ၊ အနံ ၁၈လက်မ၊ အမြင့် ၁၈လက်မ) အရွယ်အစားအား ပုံတွင်ပြထားသည့်အတိုင်း မိလ္လာကန်၏ ပထမဆုံးကန် A1 နှင့်ကပ်လျှက် တည်ဆောက်ရမည်။ mainhole အခန်းကန်မှ A1 ကန်အတွင်းသို့ အညစ်အကြေးဝင်သည့်အပေါက် တွင် ၄လက်မ Tpipe ကို ပုံတွင် ပြထားသည့်အတိုင်း တပ်ဆင်ရမည်။ Tpipe မှာ A1 အခန်း၏ ကြမ်းပြင်မှ ၅ပေအကွာတွင် တည်ဆောက်ရမည်။




**PLAN**
scale 1 in. : 4 ft.



မိလ္လာကန်နံရံများမှာ ၆လက်မ အထူရှိရမည်ဖြစ်ပြီး မိလ္လာကန်နံရံများ၏ အောက်ကြမ်းခင်းမှ ၂ပေ ၈လက်မ အမြင့်နှင့် ၆ပေအမြင့်တွင် (၆လက်မx၄လက်မ)ရှိ 1:2:4 ကွန်ကရစ်ကျောက်ထုတ်လောင်းရမည်။ A1 အခန်းနှင့် A2 အခန်း ခြားထားသော ကွန်ကရစ်နံရံ၏ အောက်ခြေတွင် A1 အခန်းသို့ကျရောက်သော အညစ်အကြေးများ A2 အခန်းသို့ဝင် ရောက်နိုင်ရန်အတွက် (အကျယ်၁၈လက်မ၊ အမြင့်၂ပေ၈လက်မရှိ) အပေါက် ၂ပေါက်ကို ပုံတွင်ဖော်ပြထားသည့်အတိုင်း ပြုလုပ်ရမည်။

A2 အခန်းနှင့် B အခန်းကိုခြားထားသော ကွန်ကရစ်နံရံ၏အောက်ခြေ ကြမ်းခင်းမှ ၃ပေအကွာတွင် (အကျယ်၉လက်မ၊အမြင့်၆လက်မ)အရွယ်အစားရှိအပေါက်(၂ပေါက်)ကိုပုံတွင်ဖော်ပြထားသည့်အတိုင်းပြုလုပ်ရမည်။

B အခန်း၏ ကြမ်းခင်းမှ ၅ပေအကွာတွင် C ကန်သို့ ဆက်သွယ်မည့် ၄လက်မ Tpipe ကိုတပ်ဆင်ရမည်။ ပင်မ မိလ္လာကန်တွင် တပ်ဆင်သော Tpipe များ၏ အောက်ခြေအရှည်မှာ ၁ပေရှိပြီး ဒေါင်လိုက်တပ်ဆင်ရမည်။ ပင်မ မိလ္လာကန်တည်ဆောက်ပြီးပါက A1,A2,B အခန်းများအားအမြင့်၅ပေအထိ ရေဖြည့်ထားရမည်။ ရေမျက်နှာပြင်မှ မိလ္လာကန် အဖုံး slap ပြားအထိ ၁ပေ၆လက်မမှာ လေဟာနယ်ဖြစ်ပါသည်။ တစ်ခန်းနှင့် တစ်ခန်း လေဝင်ထွက်နိုင်ရန်အတွက် A1, A2, B အခန်းကြား ကာရံထားသော ကွန်ကရစ်နံရံ အပေါ်ပိုင်းတွင် အပေါက်ဖောက်ရပါမည်။ A2 နှင့် B အခန်းတွင် အနံ့ထွက် ဂေါက်တစ်ခုစီ တပ်ဆင်ရမည်။ မိလ္လာကန်၏ slap ပြားမှာ 1:2:4 အချိုးဖြင့် ၃မူးသံချောင်းထည့်၍ ကွန်ကရစ် ၄လက်မဒု ခင်းရမည်။





(၄-၆) အိမ်သာဆောက်လုပ်ခြင်း

- ကျောင်းဆောင်အရွယ်အစားနှင့် ကျောင်းသားဦးရေပေါ်မူတည်၍ (၃)ခန်းတွဲ ရေလောင်းအိမ်သာ (သို့မဟုတ်) (၅)ခန်းတွဲရေလောင်းအိမ်သာ (၁)လုံး အောက်ဖော်ပြပါပုံတွင် ပြထားသည့်အတိုင်း ဆောက်လုပ်ရန် စံ အဖြစ်ထားရှိပါသည်။ အိမ်သာပုံစံမှာ ကျင်းလွှဲပုံစံဖြစ်ပါသည်။
- အိမ်သာအခန်းတစ်ခန်း၏ အကျယ်အဝန်းမှာ( အတွင်းဖက်အချောကိုင်ပြီးအကျန်) (၄x၄) ပေ ဖြစ်ပါသည်။
- အိမ်သာနံရံအား အချောကိုင်သည့်အခါတွင် နံရံ အတွင်းနှင့် အပြင် နှစ်ဖက်လုံး အချောကိုင်ရပါမည်။
- အိမ်သာအခန်းတိုင်းတွင် လေဝင်ပေါက်များအား ပန်းဘလောက်ဖြင့် တပ်ဆင်ရမည်။
- အိမ်သာအခန်းများသို့ ရေသွယ်တန်းရန်အတွက် ၀.၇၅ လက်မရှိ PVC ရေပိုက် ရေစက်ခေါင်းများ တပ်ဆင်ရမည်။
- အိမ်သာကြမ်းခင်းမှ ရေအပြင်သို့ လွယ်ကူစွာ ထွက်နိုင်ရန်အတွက် အနောက်ဖက်သို့ အနည်းငယ် လျှောသည့်ပုံစံပြုလုပ်ပြီး ရေဆိုးထွက်ပိုက်အား တပ်ဆင်ရမည်။
- အိမ်သာမှထွက်သည့် ရေဆိုးများအား အိမ်သာနောက်ကျောဖက်တွင် ရေမဝပ်စေရန်အတွက် ထုံးကြမ်းခင်းရမည်။ ၎င်းထုံးကြမ်းလောင်းသည့် ဧရိယာ၏အလျားမှာ အိမ်သာအဆောက်အဦး၏ အလျားနှင့် တူညီရမည်။
- ရေလောင်းအိမ်သာ၏ ရှေ့မျက်နှာစာတွင် (၆)ပေအကျယ် ကွန်ကရစ်ကြမ်းခင်း ပြုလုပ်ပေးရမည်။ ကွန်ကရစ်ကြမ်းခင်း ဧရိယာ၏အလျားမှာ အိမ်သာအဆောင်အဦး၏အလျားနှင့် တူညီရမည်။
- အိမ်သာလှျောက်လမ်းအား အကျယ်(၄)ပေ ကွန်ကရစ်ကြမ်းခင်းပြုလုပ်ပေးရမည်။ အကယ်၍ အိမ်သာလှျောက်လမ်းသည် ပေ(၇၀)ထက်ပိုမိုပါက ပိုသည့်အရှည်၏ ကုန်ကျစရိတ်အား ရပ်ရွာမှ ကျခံရပါမည်။
- အိမ်သာလှျောက်လမ်း၏ ဘေးနှစ်ဖက်တွင် မြေကြီးတူး၍ အုတ်ဘောင်စီပြီး ကွန်ကရစ်ခင်းရပါမည်။ လိုအပ်ချက်ရှိပါက လမ်းအောက်တွင် ရေထွက်ပိုက်ထည့်ရပါမည်။ အိမ်သာလှျောက်လမ်းအား ထုံးကြမ်းကွန်ကရစ်ဖြင့်သာ ခင်းခြင်း မပြုလုပ်ရပါ။
- အိမ်သာကြွေခွက်ကို အိမ်သာကြမ်းခင်းထက် အနည်းငယ်မြင့်ထားရန် လိုအပ်ပါသည်။
- အိမ်သာ တံခါးရွက်၏ အရွယ်အစားမှာ (၆ပေX၂ပေ)ဖြစ်ပါသည်။ ကျည်းခွေအပေါ်တွင် ကျောက်ထုတ်လောင်းသည့်အခါတွင် ၈လက်မ၊ နောက်ကျောနံရံဖက်တွင် ၄လက်မအမြင့် ကျောက်ထုတ်လောင်းရမည်။
- အိမ်သာရှေ့တွင် ၆ပေအမြင့်ရှိအုတ်တံတိုင်းကာရံရပါမည်။ ၅ခန်းတွဲရေလောင်းအိမ်သာဖြစ်ပါက ၃ခန်းနှင့် ၂ခန်းအလည်တွင် ခန်းဖြတ်ပိတ်ရပါမည်။ အိမ်သာရှေ့နံရံမှာ အိမ်သာတံခါးနှင့် ၇ပေအကွာတွင် တည်ဆောက်ရပါမည်။ အိမ်သာရှေ့နံရံအတွင်းတွင် လက်ဆေးဘေစင် တစ်ဖက်တွင် တစ်လုံးစီ တပ်ဆင်ရပါမည်။

- အိမ်သာခန်း ရှေ့မျက်နှာစာနှင့် နောက်ကျောဖက်တွင် အလင်းရောင်ရရှိစေရန်အတွက် ပန်းဘလောက်ကို ပုံတွင်ပြထားသည့်အတိုင်း ထည့်ပေးရမည်။





အိမ်သာဆောက်လုပ်ခြင်းပုံစံ

















## (၄-၇) ရေလှောင်ကန်ပြုလုပ်ခြင်း

- စေတနာအဖွဲ့မှ ပံ့ပိုးသည့် ရေလှောင်ကန်အရွယ်အစားမှာ နှစ်မျိုးရှိပါသည်။
  ၁) အတွင်းကျန် အလျား(၄)ပေ၊ အနံ(၄)ပေ၊ အမြင့်(၄)ပေ ရှိရေကန်ငယ်နှစ်လုံး (သို့မဟုတ်)
  ၂) အတွင်းကျန် အလျား(၅)ပေ၊ အနံ(၅)ပေ၊ အမြင့်(၅)ပေ ရှိရေကန်ငယ်တစ်လုံး ဖြစ်ပါသည်။
- ရေလှောင်ကန်ကို ကျောင်းဆောင်၏ ဘေးတစ်ဖက်တွင်ထားရှိရန် စံအဖြစ်သတ်မှတ်ပါသည်။
- စေတနာအဖွဲ့မှ သတ်မှတ်ထားသော ရေကန်အရွယ်အစားနှင့် အရေအတွက်ထက် ကျော်လွန်သော ရေလှောင်ကန်များကို တည်ဆောက်လိုပါက စေတနာအဖွဲ့၏သတ်မှတ်ရန်ပုံငွေထက် ကျော်လွန်သော ကုန်ကျစရိတ်အား ရပ်ရွာရန်ပုံငွေဖြင့် ကျခံရပါမည်။
- ရေလှောင်ကန်၏ အောက်ခြေပိုင်းတွင် ရေဆိုးရေညစ်များထုတ်နိုင်ရန် (၁.၅)လက်မသံပိုက် တပ်ဆင်ရမည်။
- ရေလှောင်ကန်တွင် ရေစက်ခေါင်းတပ်ဆင်ရန်အတွက် ၃မတ်သံပိုက် တပ်ဆင်သည့်အခါတွင် ခိုင်မြဲမှုရှိစေရန် သံပိုက်အား တစ်မတ်လုံး သံချောင်းဖြင့် cross ပုံစံ ဝါရိန်ဆော်ပြီး အုတ်စီသည့်အခါတွင် မြှုပ်၍ စီရပါမည်။
- ရေလှောင်ကန် အပေါ်ဖက်တွင် ၂လက်မအရွယ်ရှိ ရေလျှံပိုက် တပ်ဆင်ရမည်။
- ရေလှောင်ကန်တိုင်းတွင် ရေလှောင်ကန်အဖုံး ပြုလုပ်ရမည်။ အခြေခံအားဖြင့် သွပ်နှင့်သစ်သားအား အသုံးပြုရန် စံ အဖြစ်ထားရှိပါသည်။
- ရေလှောင်ကန်အဖုံး၏အရွယ်အစားမှာ ရေလှောင်ကန်အရွယ်အစားထက် အနည်းငယ်ကြီးရပါမည်။
- ရေလှောင်ကန်အဖုံးကို သွပ်မိုးသည့်အခါတွင် ကလေးများအတွက် အန္တရာယ်မရှိစေရန်အတွက် အတွင်းဖက်သို့ ပြန်ခေါက်ထားရပါမည်။
- ရေလှောင်ကန်တွင် ခြေထောက်ဆေးရန် နေရာထားရှိရန်နှင့် ရေကန်ပတ်ဝန်းကျင်တွင် ရေဆိုးများ မဝပ်စေရန်အတွက် ရေဆင်းမြောင်း ထားရှိပေးရပါမည်။







### (၄-၈) အလံတိုင်အုတ်ခုံတည်ဆောက်ခြင်း

- လက်ရှိ ရှိပြီးသား အလံတိုင်မှာ ယိုယွင်းပျက်စီးနေပါက အလံတိုင်အသစ် ပြုလုပ်ရမည်။
- အလံတိုင်၏အုတ်ခုံအုတ်မြစ်အရွယ်အစားမှာ အနည်းဆုံး အလျား(၄)ပေ၊ အနံ(၃)ပေ၊ အမြင့်(၂) ပေ ဖြစ်ပါသည်။
- အလံတိုင်မှာ ၂လက်မ သံပိုက်လုံးဖြစ်ပြီး အရှည်(၁၉)ပေ ဖြစ်ပါသည်။
- အလံတိုင်ထိပ်မှ အလျားလိုက်တန်းအထိ အကွာအဝေးမှာ(၅)ပေ ဖြစ်ပါသည်။
- အလျားလိုက်တန်းမှာ ၃မတ် သံပိုက်လုံးဖြစ်ပြီး အရှည်မှာ (၆)ပေဖြစ်ပါသည်။
- အလံတိုင်အုတ်ခုံတွင် ကျင်တွယ်၊ ဟင်းဂလန်း (၄)ပေအရှည်အား အုတ်ခုံတွင် (၂)ပေမြုတ်၍ တပ်ဆင်ရပါမည်။
- အလံတိုင်တပ်ဆင်ရန် နိုင်လွန်ကြိုးအား အသုံးပြုရပါမည်။















# ၅။ ဆေးသုတ်ဆရာအပိုင်း

## (၅-၁) မျက်နှာကြက်ဆေးသုတ်ခြင်း

- မျက်နှာကြက်ဆေးအား ရေဆေး (UPG Orient) ဖြင့်(၃)ထပ်သုတ်ရမည်။
- မျက်နှာကြက်ဆေးအရောင်မှာ အဖြူရောင်ဖြစ်ပါသည်။
- မျက်မှာကြက်ပြား တစ်ချပ်နှင့်တစ်ချပ်ကြားလိုင်းများ၏ဆေးအရောင်မှာလည်း အဖြူရောင်သာ ဖြစ်ပါသည်။

## (၅-၂) တိုင် ပန်းဆွဲ ကျည်းဘောင် ဆေးသုတ်ခြင်း

- တိုင် ပန်းဆွဲ ကျည်းဘောင်များအား ဆီဆေး (UPG Unilax) ဖြင့်(၃)ထပ်သုတ်ရမည်။
- ဝါရံဒါပေါ်ဖက်ခြမ်းတွင် မျက်နှာကြက်မတပ်ဆင်ပါက ဒိုင်းနှင့် မြှားတန်းများအား Redoxide သုတ်ပေးရမည်။

## (၅-၃) ပြတင်းတံခါး ဆေးသုတ်ခြင်း

- ပြတင်း တံခါးများအား ဆီဆေး (Unilax) ဖြင့် (၃)ထပ်သုတ်ရမည်။

## (၅-၄) ကျောင်းဆောင်နံရံ ဆေးသုတ်ခြင်း

- ကျောင်းဆောင်နံရံ အတွင်းနှင့်အပြင်အား ဝေါ်ဆီလာအား ဦးစွာသုတ်ရန်ပြီးမှ ရေဆေး (UPG premier) သုံးထပ်သုတ်ရမည်။ ကျည်းဘောင် အောက်ဖက်ခြမ်း လိုင်းဖြတ်အား အရောင်အရင့် သုတ်ပေးရမည်။
- ကျောင်းဆောင် ဆေးအရောင်မှာ ကျောင်းဆောက်လုပ်ရေးကော်မတီမှ စိတ်ကြိုက်အရောင် ရွေးချယ်နိုင်ပါသည်။

## (၅-၅) အိမ်သာဆေးသုတ်ခြင်း

- အိမ်သာနံရံ အတွင်းနှင့် အပြင်အား ရေဆေး (UPG Orient) ဖြင့်(၃)ထပ်သုတ်ရမည်။

## (၅-၆) အုတ်ခုံနံရံဆေးသုတ်ခြင်း

- အုတ်ခုံနံရံအား Premier Proshell ဖြင့် (၃)ထပ် သုတ်ရမည်။

## ၆။ အခြား

### (၆-၁) ကျောင်းသုံးပရိဘောဂ ပြုလုပ်ခြင်း

အခြေခံအားဖြင့် ကျောင်းဆောင်သစ်အတွက် လိုအပ်သော ဆရာ/ဆရာမ သုံးစားပွဲနှင့် ကုလားထိုင်၊ ကျောင်းသား/သူ သုံးစာရေးခုံနှင့် ထိုင်ခုံ Whiteboard တို့ကို အမှန်တကယ်လိုအပ်ချက်အတိုင်း ကျောင်းဆောင်ဆောက်လုပ်ရေးကော်မတီနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

ပြန်လည်ပြုပြင်သုံးစွဲနိုင်သော ကျောင်းသုံးပရိဘောဂများကို စာရင်းဇယားပြုလုပ်ပြီး လိုအပ်သော ပရိဘောဂကိုသာ မှာကြားပြုလုပ်ရမည်။

စားပွဲ ၊ ထိုင်ခုံများ ပြုလုပ်ရာတွင် ပညာရေးဌာနမှ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ အလျား၊ အနံ၊ အမြင့်တို့ကို အရွယ်အစားတူညီစွာပြုလုပ်ရမည်။

- **ဆရာ/မ သုံးစားပွဲပြုလုပ်ခြင်း**

၁) စားပွဲခြေထောက်အတွက် အသုံးပြုရမည့်သစ်အရွယ်အစားမှာ (၂x၂)လက်မဖြစ်ပါသည်။

၂) စားပွဲခြေထောက်အလျားအကွာအဝေးမှာ (၃၇)လက်မ ဖြစ်ပါသည်။

၃) စားပွဲခြေထောက်အနံ အကွာအဝေးမှာ (၂၅)လက်မ ဖြစ်ပါသည်။

၄) စားပွဲခြေထောက် မျက်နှာပြင်အမြင့်မှာ (၂၉)လက်မ ဖြစ်ပါသည်။

၅) စားပွဲမျက်နှာပြင် အလျားမှာ (၄၂)လက်မ ဖြစ်ပါသည်။

၆) စားပွဲမျက်နှာပြင် အနံမှာ (၃၀)လက်မ ဖြစ်ပါသည်။

၇) စားပွဲမျက်နှာပြင် အထူမှာ(၁)လက်မ ဖြစ်ပါသည်။



- ဆရာ/မ သုံး ကုထားထိုင်ပြုလုပ်ခြင်း

၁) ကုလားထိုင်ခြေထောက်အတွက် အသုံးပြုရမည့်သစ်အရွယ်အစားမှာ (၂x၂)လက်မဖြစ်ပါသည်။

၂) ကုလားထိုင်ခြေထောက် အလျားအကွာအဝေးမှာ (၁၆)လက်မ ဖြစ်ပါသည်။

၃) ကုလားထိုင်ခြေထောက် အနံအကွာအဝေးမှာ (၁၅) လက်မ ဖြစ်ပါသည်။

၄) ကုလားထိုင်ခြေထောက် အမြင့်မှာ အရှေ့ဖက်တွင် (၁၈)လက်မ ဖြစ်ပါသည်။

၅) ကုလားထိုင်ခြေထောက် အမြင့်မှာ အနောက်ဖက်တွင် (၃၆)လက်မ ဖြစ်ပါသည်။

၆) ကုလားထိုင် မျက်နှာပြင်အထူမှာ (၁)လက်မ ဖြစ်ပါသည်။




- ကျောင်းသားသုံး စာရေးခုံ ပြုလုပ်ခြင်း

၁) စာရေးခုံ ခြေထောက်အတွက် အသုံးပြုရမည့်သစ်အရွယ်အစားမှာ (၂x၂)လက်မဖြစ်ပါသည်။

၂) စာရေးခုံ ခြေထောက် အလျားအကွာအဝေးမှာ (၅၄)လက်မ ဖြစ်ပါသည်။

၃) စာရေးခုံ ခြေထောက် အနံအကွာအဝေးမှာ (၁၂)လက်မ ဖြစ်ပါသည်။

၄) စာရေးခုံ ခြေထောက် အမြင့်မှာ (၂၉)လက်မ ဖြစ်ပါသည်။

၅) စာရေးခုံ မျက်နှာပြင်အလျားမှာ (၆၀)လက်မ ဖြစ်ပါသည်။

၆) စာရေးခုံ မျက်နှာပြင် အနံမှာ (၁၆)လက်မ ဖြစ်ပါသည်။

၇) စာရေးခုံ မျက်နှာပြင်အထူမှာ (၁)လက်မ ဖြစ်ပါသည်။



- ကျောင်းသားသုံး ထိုင်ခုံ ပြုလုပ်ခြင်း

၁) ထိုင်ခုံခြေထောက်အတွက် အသုံးပြုရမည့်သစ်အရွယ်အစားမှာ (၂x၂)လက်မဖြစ်ပါသည်။

၂) ထိုင်ခုံခြေထောက် အလျားအကွာအဝေးမှာ (၅၄)လက်မဖြစ်ပါသည်။

၃) ထိုင်ခုံခြေထောက် အနံအကွာအဝေးမှာ (၁၀)လက်မ ဖြစ်ပါသည်။

၄) ထိုင်ခုံခြေထောက် အမြင့်မှာ (၁၇)လက်မ ဖြစ်ပါသည်။

၅) ထိုင်ခုံမျက်နှာပြင် အလျားမှာ (၆၀)လက်မ ဖြစ်ပါသည်။

၆) ထိုင်ခုံမျက်နှာပြင် အနံမှာ (၁၂)လက်မ ဖြစ်ပါသည်။

၇) ထိုင်ခုံမျက်နှာပြင် အထူမှာ (၁)လက်မ ဖြစ်ပါသည်။

၇) စာရေးခုံ မျက်နှာပြင်အထူမှာ (၁)လက်မ ဖြစ်ပါသည်။






















(၆-၃) သစ် တန်မှ ပေသို့ ပြောင်းလဲတွက်ချက်ပုံဇယား

- သစ် ၁တန်တွင် (၁x၁)လက်မပတ်လည်ရှိသစ်ပေပေါင်း ၇၂၀၀ ပေရှိပါသည်။ သို့လိုသော သစ်အရွယ်အစား၏ ဒုနှင့်ဗျက်ကို မြှောက်၍ရသောရလဒ်နှင့် ၇၂၀၀ ကို စားပါက ရသောအဖြေသည် သစ် ၁တန်၏ ပေအရှည်ဖြစ်ပါသည်။

ဥပမာ (၆x၁)လက်မအရွယ်ရှိ သစ်၏ ၁တန်တွင်ရှိသော ပေရှည်ကို သိရှိလိုပါက အောက်ပါအတိုင်း တွက်နိုင်ပါသည်။

၆ x ၁ = ၆

၇၂၀၀ ÷ ၆ = ၁၂၀၀ ပေ

(၆ x ၁) လက်မ သစ်တန်မှာရှိသော ပေအရှည်မှာ ၁၂၀၀ ပေ ဖြစ်ပါသည်။

## သစ်အရွယ်အစားအလိုက် သစ် ၁တန်တွင်ရှိသော ပေရှည်ဇယား

| စဉ် | သစ်အရွယ်အစား | တန် | ပေရှည် |
|---|---|---|---|
| ၁။ | ၅လက်မ X ၅လက်မ | ၁တန် | ၂၂၈ ပေ |
| ၂။ | ၅လက်မ X ၃လက်မ | ၁တန် | ၄၈၀ ပေ |
| ၃။ | ၆လက်မ X ၂လက်မ | ၁တန် | ၆၀၀ ပေ |
| ၄။ | ၅လက်မ X ၂လက်မ | ၁တန် | ၇၂၀ ပေ |
| ၅။ | ၄လက်မ X ၂လက်မ | ၁တန် | ၉၀၀ ပေ |
| ၆။ | ၃လက်မ X ၂လက်မ | ၁တန် | ၁၂၀၀ ပေ |
| ၇။ | ၂လက်မ X ၂လက်မ | ၁တန် | ၁၈၀၀ ပေ |
| ၈။ | ၈လက်မ X ၁လက်မ | ၁တန် | ၉၀၀ ပေ |
| ၉။ | ၆လက်မ X ၁လက်မ | ၁တန် | ၁၂၀၀ ပေ |
| ၁၀။ | ၄လက်မ X ၁လက်မ | ၁တန် | ၁၈၀၀ ပေ |
| ၁၁။ | ၂လက်မ X ၁လက်မ | ၁တန် | ၃၆၀၀ ပေ |
| ၁၂။ | ၆လက်မ X ၀.၅လက်မ | ၁တန် | ၂၄၀၀ ပေ |
| ၁၃။ | ၅လက်မ X ၀.၅လက်မ | ၁တန် | ၂၈၈၀ ပေ |
| ၁၄။ | ၇လက်မ X ၂လက်မ | ၁တန် | ၅၁၄ ပေ |

# အခြားဆောင်ရွက်ချက်များ



## ကျောင်းကစားကွင်း ထည့်သွင်းတပ်ဆင်ပေးခြင်း လုပ်ငန်းစဉ်

စေတနာအဖွဲ့သည် ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် နိပ္ပွန်ဖောင်ဒေးရှင်းမှ တဆင့် ဂျပန်အမျိုးသမီး တစ်ဦး၏ လှူဒါန်းငွေ ဂျပန်ယန်း ၁၅,၈၂၃,၁၀၉ (အမေရိကန်ဒေါ်လာ ၁၄၆,၅၁၀) အား လက်ခံရရှိခဲ့ပါသည်။

အဆိုပါ လှူဒါန်းငွေဖြင့် စေတနာအဖွဲ့မှ ဆောက်လုပ်ပြီးစီးခဲ့သည့် စာသင်ကျောင်းများတွင် ကျောင်းအားကစားကွင်းပစ္စည်းများ တပ်ဆင်ရန် စီမံချက်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ကျောင်းအားကစားကွင်းပစ္စည်းများ တပ်ဆင်ရန် အပိုထပ်ဆောင်း











ရန်ပုံငွေအမေရိကန်ဒေါ်လာ ၂၈,၃၉၅ ကိုလည်း ထပ်မံရရှိခဲ့ပါသည်။ ရှမ်းပြည်နယ် တောင်ပိုင်းနှင့်မြောက်ပိုင်း အတွင်းရှိမြို့နယ်(၁၈)မြို့နယ်မှ စာသင်ကျောင်း(၁၂၃)ကျောင်းတွင် ကျောင်းအားကစားကွင်းပစ္စည်းများ တပ်ဆင်ပေးခဲ့ပြီး ကျောင်းတစ်ကျောင်းအတွက် ကုန်ကျစရိတ်မှာ ၂,၈၉၀,၀၀၀ ကျပ်တိတိဖြစ်ပါသည်။ တပ်ဆင်ပေးခဲ့သော ကစားကွင်းပစ္စည်းများမှာ ဒန်း၊ လျှိုင်းလျှောစင်၊ စီးဆော၊ တွယ်တက်စင်၊ ကြိုးတွဲစင်၊ gym bars စသည့် အမျိုးအစားများဖြစ်ပြီး စုစုပေါင်း (၆)မျိုး ပါဝင်ပါသည်။ စေတနာအဖွဲ့မှ ဝန်ထမ်းများနှင့် နည်းပညာရှင်များသည် ကျောင်းတစ်ကျောင်းချင်းစီသို့ သွားရောက်ပြီး အားကစားကွင်းပစ္စည်းများကို စနစ်တကျ တပ်ဆင်ပေးခဲ့ပါသည်။

စေတနာအဖွဲ့မှ ဆောက်လုပ်သောကျောင်းများတွင် ကျောင်းကစားကွင်း တပ်ဆင်ပေးရခြင်း၏ အဓိက ရည်ရွယ်ချက်-

(၁) ကျောင်းသားများ ကျန်းမာပြီး ပျော်ရွှင်ဖွယ်ကောင်းသော ကျောင်းပတ်ဝန်းကျင်မှတဆင့် စာလေ့လာသင်ယူစိတ်များ တိုးတက်လာစေရန်

(၂) ကျောင်းတွင် ကိုယ်ကာယလှုပ်ရှားမှုများ လုပ်ခြင်းဖြင့် ကလေးများ ကျန်းမာသန်စွမ်းစေရန်နှင့် ကျောင်းမှန်မှန်တက်ချင်စိတ်များ တိုးပွားလာစေရန်

(၃) ကျောင်းတက်ရန် စိတ်ဝင်စားမှု တိုးပွားလာပြီး ကျောင်းတွင် သူငယ်ချင်းများနှင့် မိတ်ဆွေဖွဲ့နိုင်မှုစွမ်းရည် တိုးတက်လာစေရန်

| စဉ် | ကျောင်း နံပါတ် | ကျောင်းအမည် | မြို့နယ် | ကျောင်းသား အရေအတွက် | အတန်း အရေအတွက် | ကျောင်း ဆောက်လုပ် သည့်နှစ် |
|---|---|---|---|---|---|---|
| ၁ | SIV-1 | ပင်ငို အလက(ခွဲ) | တောင်ကြီး | ၁၅၈ | KG-G9 | ၂၀၁၈ |
| ၂ | SIV-2 | ဟိုပွေး အလက(ခွဲ) | ဟိုပုံး | ၁၁၅ | KG-G9 | ၂၀၁၈ |
| ၃ | SIV-3 | ပွန်ရမ်း အလက(ခွဲ) | ဆီဆိုင် | ၂၄၅ | KG-G9 | ၂၀၁၈ |
| ၄ | SIV-4 | ပင်ခင် အလက(ခွဲ) | ပင်လောင်း | ၁၃၈ | KG-G9 | ၂၀၁၈ |
| ၅ | SIV-5 | ဆင်သေ အထက(ခွဲ) | ရပ်စောက် | ၅၀၅ | KG-G12 | ၂၀၁၈ |
| ၆ | SIV-6 | ဟန်ဘူး မူလွန် | ဖယ်ခုံ | ၁၀၅ | KG-G8 | ၂၀၁၈ |
| ၇ | SIV-7 | ပင်ပျော် မူလွန် | ပင်းတယ | ၁၂၄ | KG-G8 | ၂၀၁၈ |
| ၈ | SIV-8 | သိမ်ကုန်း အထက(ခွဲ) | ရွာငံ | ၁၃၁ | KG-G12 | ၂၀၁၈ |
| ၉ | SIV-9 | ပန်အင်းခေး အမက | လွိုင်လင် | ၉၃ | KG-G5 | ၂၀၁၈ |
| ၁၀ | SIV-10 | ၈ မိုင် မူလွန် | နမ့်စန် | ၁၃၂ | KG-G8 | ၂၀၁၈ |
| ၁၁ | S-2 | ထီဗွာ အမက | တောင်ကြီး | ၈၄ | KG-G5 | ၂၀၀၂ |
| ၁၂ | S-8 | ဘန့်ကွဲ အထက(ခွဲ) | တောင်ကြီး | ၄၅၅ | KG-G12 | ၂၀၀၃ |
| ၁၃ | S-27 | သရက်ပင်လှ အထက(ခွဲ) | တောင်ကြီး | ၁၉၄ | KG-G12 | ၂၀၀၄ |
| ၁၄ | S-48 | ကုန်းညွန့် အထက(ခွဲ) | တောင်ကြီး | ၃၀၂ | KG-G12 | ၂၀၀၆ |
| ၁၅ | SII-2 | အမှတ်(၂)အေးသာယာ အထက | တောင်ကြီး | ၁၆၀၂ | KG-G12 | ၂၀၀၇ |
| ၁၆ | SII-15 | သံတဲ အထက | တောင်ကြီး | ၆၀၃ | KG-G12 | ၂၀၀၉ |
| ၁၇ | SIII-21 | သာယာကုန်း အမက | တောင်ကြီး | ၃၀ | KG-G5 | ၂၀၁၅ |
| ၁၈ | SII-16 | လီမော မူလွန် | ဟိုပုံး | ၁၈၃ | KG-G8 | ၂၀၀၉ |
| ၁၉ | SII-17 | အမှတ်(၂)ဟိုပုံး အထက | ဟိုပုံး | ၈၇၀ | KG-G12 | ၂၀၀၉ |
| ၂၀ | SII-31 | နမ့်ခုတ် အထက | ဟိုပုံး | ၆၄၀ | KG-G12 | ၂၀၁၀ |
| ၂၁ | SII-39 | မိုင်းပျဉ်းဖာလဲ အထက | ဟိုပုံး | ၆၉၂ | KG-G12 | ၂၀၁၁ |
| ၂၂ | SIII-2 | ကျောက္ကချား အထက | ဟိုပုံး | ၆၆၇ | KG-G12 | ၂၀၁၃ |
| ၂၃ | SIII-12 | ပုံးအယ် မူလွန် | ဟိုပုံး | ၁၁၃ | KG-G8 | ၂၀၁၄ |
| ၂၄ | S-20 | လွယ်မွန်း အလက | ဆီဆိုင် | ၂၈၄ | KG-G9 | ၂၀၀၃ |
| ၂၅ | S-45 | နောင်တဗန် အလက(ခွဲ) | ဆီဆိုင် | ၂၆၀ | KG-G9 | ၂၀၀၅ |
| ၂၆ | SII-13 | ဝါးတော အမက | ဆီဆိုင် | ၄၆ | KG-G5 | ၂၀၀၈ |
| ၂၇ | SII-19 | ဆီဆိုင် အထက | ဆီဆိုင် | ၁၁၈၂ | KG-G12 | ၂၀၀၉ |
| ၂၈ | SII-43 | အမှတ်(၃)လွယ်ပွတ် အမက | ဆီဆိုင် | ၆၀ | KG-G5 | ၂၀၁၁ |

| | | | | | | |
|---|---|---|---|---|---|---|
| ၂၉ | SIII-3 | ထီသယမ်း မူလွန် | ဆီဆိုင် | ၁၂၆ | KG-G8 | ၂၀၁၃ |
| ၃၀ | SIII-13 | နောင်လတ် အလက(ခွဲ) | ဆီဆိုင် | ၂၀၇ | KG-G9 | ၂၀၁၄ |
| ၃၁ | SIII-33 | မမှံ့ဆုံ အလက(ခွဲ) | ဆီဆိုင် | ၁၂၉ | KG-G9 | ၂၀၁၆ |
| ၃၂ | S-11 | ဆတ်သေ (မြေမဲ) အလက | ရပ်စောက် | ၃၂၁ | KG-G9 | ၂၀၀၃ |
| ၃၃ | S-12 | ထီရီး အလက(ခွဲ) | ရပ်စောက် | ၁၄၉ | KG-G9 | ၂၀၀၃ |
| ၃၄ | S-13 | ပင်ဖြစ် အထက(ခွဲ) | ရပ်စောက် | ၃၁၂ | KG-G12 | ၂၀၀၃ |
| ၃၅ | S-39 | ထီးခမ်း အလက | ရပ်စောက် | ၂၉၀ | KG-G9 | ၂၀၀၅ |
| ၃၆ | SII-25 | ဆတ်သေ အထက | ရပ်စောက် | ၅၀၅ | KG-G12 | ၂၀၀၉ |
| ၃၇ | SII- 42 | ဗမာတိုး အထက(ခွဲ) | ရပ်စောက် | ၂၀၅ | KG-G12 | ၂၀၁၁ |
| ၃၈ | SIII-15 | ငါးပင်တောင်ကြီး မူလွန် | ရပ်စောက် | ၉၆ | KG-G8 | ၂၀၁၄ |
| ၃၉ | S-54 | ကွန်ချဉ် မူလွန် | ပင်လောင်း | ၁၇၄ | KG-G8 | ၂၀၀၆ |
| ၄၀ | S-55 | ကောင်မဲသင်း အထက(ခွဲ) | ပင်လောင်း | ၄၁၃ | KG-G12 | ၂၀၀၆ |
| ၄၁ | SII-8 | မီးသွေးချောင်း(လှည်းကုန်း) အလက | ပင်လောင်း | ၂၇၈ | KG-G9 | ၂၀၀၈ |
| ၄၂ | SII-20 | လင်းခေး အမက | ပင်လောင်း | ၄၁ | KG-G5 | ၂၀၀၉ |
| ၄၃ | SIII-4 | ကောင်မှီး အလက | ပင်လောင်း | ၁၂၃ | KG-G9 | ၂၀၁၃ |
| ၄၄ | SIII-16 | ဖယ်ခုံ အထက(ခွဲ) | ဖယ်ခုံ | ၅၄၇ | KG-G12 | ၂၀၁၄ |
| ၄၅ | SII-35 | တမဲ အထက(ခွဲ) | ပင်းတယ | ၂၃၆ | KG-G12 | ၂၀၁၀ |
| ၄၆ | SII-36 | ကျုံး အထက | ပင်းတယ | ၃၆၉ | KG-G12 | ၂၀၁၀ |
| ၄၇ | SII-37 | ပွေးလှ အထက | ပင်းတယ | ၄၈၁ | KG-G12 | ၂၀၁၀ |
| ၄၈ | SIII-7 | မိန်းလီ အထက(ခွဲ) | ပင်းတယ | ၂၆၇ | KG-G12 | ၂၀၁၃ |
| ၄၉ | SIII-37 | အိမ်ပု အလက(ခွဲ) | ပင်းတယ | ၅၉ | KG-G9 | ၂၀၁၆ |
| ၅၀ | SII-54 | မြေနီကုန်း အမက | ရွာငံ | ၃၈ | KG-G5 | ၂၀၁၂ |
| ၅၁ | SIII-38 | ကဇက် အထက(ခွဲ) | ရွာငံ | ၃၂၅ | KG-G12 | ၂၀၁၆ |
| ၅၂ | SIII-48 | သစ်ဆိမ့်ပင် မူလွန် | ရွာငံ | ၁၁၉ | KG-G8 | ၂၀၁၇ |
| ၅၃ | SIII-9 | နောင်ဟူး အမက | လွိုင်လင် | ၆၁ | KG-G5 | ၂၀၁၃ |
| ၅၄ | S-49 | ထီရီး အလက(ခွဲ) | ညောင်ရွှေ | ၁၄၉ | KG-G9 | ၂၀၀၆ |
| ၅၅ | SII-27 | ပါနွေး အမက | ညောင်ရွှေ | ၂၈ | KG-G5 | ၂၀၀၉ |
| ၅၆ | SIII-31 | သဘော်ာ အလက(ခွဲ) | တောင်ကြီး | ၂၀၂ | KG-G9 | ၂၀၁၆ |
| ၅၇ | S-6 | စမ်းစုတ် အထက | ဟိုပုံး | ၁၆၅ | KG-G12 | ၂၀၀၂ |
| ၅၈ | S-52 | နောင်အယ်တောင် အလက | ဆီဆိုင် | ၁၄၈ | KG-G9 | ၂၀၀၃ |

| | | | | | | |
|---|---|---|---|---|---|---|
| ၅၉ | SII-18 | ကုန်းကျောင်း အလက | ဆီဆိုင် | ၁၀၇ | KG-G9 | ၂၀၀၉ |
| ၆၀ | SII-45 | မိုးဦး အလက(ခွဲ) | ပင်လောင်း | ၂၃၇ | KG-G9 | ၂၀၁၁ |
| ၆၁ | SIII-45 | လွယ်ကန် မူလွန် | ရပ်စောက် | ၁၃၇ | KG-G8 | ၂၀၁၇ |
| ၆၂ | SIII-17 | နောင်ရဲ မူလွန် | ပင်းတယ | ၁၃၀ | KG-G8 | ၂၀၁၄ |
| ၆၃ | SIV-44 | နောင်ဖက်ပုန်း မူလွန် | တောင်ကြီး | ၄၀၃ | KG-G8 | ၂၀၂၂ |
| ၆၄ | SIV-45 | ဒုံလိတန် အလက | ဟိုပုံး | ၆၁၅ | KG-G9 | ၂၀၂၂ |
| ၆၅ | SIV-46 | ကန့်တန် မူလွန် | ဆီဆိုင် | ၈၂၆ | KG-G8 | ၂၀၂၂ |
| ၆၆ | SIV-47 | ဒေင် အလက | ပင်လောင်း | ၃၉၅ | KG-G9 | ၂၀၂၂ |
| ၆၇ | SIV-48 | ပင်စုံ အမက | ပင်လောင်း | ၁၂၂ | KG-G5 | ၂၀၂၂ |
| ၆၈ | SIV-49 | ဆိုက်ခေါင် မူလွန် | ရပ်စောက် | ၁၃၂ | KG-G8 | ၂၀၂၂ |
| ၆၉ | SIV-50 | ရှောက်ပင် မူလွန် | ပင်းတယ | ၁၃၆ | KG-G8 | ၂၀၂၂ |
| ၇၀ | SIV-51 | ဝမ်ဟိုက် အလက(ခွဲ) | နမ့်စန် | ၃၀၁ | KG-G9 | ၂၀၂၂ |
| ၇၁ | SIV-52 | နောင်ဒေး အမက | နမ့်စန် | ၁၃၆ | KG-G5 | ၂၀၂၂ |
| ၇၂ | SIV-53 | နမ့်ဆွယ် အမက | နမ့်စန် | ၆၁ | KG-G5 | ၂၀၂၂ |
| ၇၃ | SIV-54 | နမ့်ဟူး မူလွန် | လွိုင်လင် | ၁၀၁ | KG-G8 | ၂၀၂၂ |
| ၇၄ | SIV-55 | နောင်ငင်း အမက | နမ့်စန် | ၂၇၄ | KG-G5 | ၂၀၂၂ |
| ၇၅ | NII-39 | ရေမောင်တန်း အ.မ.က | နောင်ချို | ၁၆၂ | KG-G5 | ၂၀၁၁ |
| ၇၆ | NII-46 | လွယ်ခွင် အ.မ.က | နောင်ချို | ၆၄ | KG-G5 | ၂၀၁၂ |
| ၇၇ | NIV-9 | နားမုံ အ.မ.က မူလွန် | နောင်ချို | ၁၂၀ | KG-G8 | ၂၀၁၈ |
| ၇၈ | NIV-10 | ဇီးဖြူပင် အ.မ.က မူလွန် | နောင်ချို | ၁၃၃ | KG-G8 | ၂၀၁၈ |
| ၇၉ | N-33 | ထန်းတပင် အ.မ.က မူလွန် | ကျောက်မဲ | ၈၈ | KG-G8 | ၂၀၀၅ |
| ၈၀ | NII-28 | လုံဝယ် အ.မ.က | ကျောက်မဲ | ၃၁ | KG-G5 | ၂၀၁၀ |
| ၈၁ | N-4 | မက်မုန်ကန့် အ.မ.က | သီပေါ | ၁၃၇ | KG-G5 | ၂၀၀၂ |
| ၈၂ | NIII-26 | ဖာခေး အ.မ.က | သီပေါ | ၇၃ | KG-G5 | ၂၀၁၅ |
| ၈၃ | NIII-34 | နောင်တုံ အ.မ.က | သီပေါ | ၅၂ | KG-G5 | ၂၀၁၆ |
| ၈၄ | NIV-4 | နားလော့ အ.မ.က | သီပေါ | ၃၇ | KG-G5 | ၂၀၁၈ |
| ၈၅ | N-31 | ပုန်းထွန် အ.မ.က မူလွန် | လားရှိုး | ၂၁၉ | KG-G8 | ၂၀၀၅ |
| ၈၆ | N-32 | နောင်ကွဲ အ.မ.က မူလွန် | လားရှိုး | ၂၀၂ | KG-G8 | ၂၀၀၅ |
| ၈၇ | NII-35 | နမ့်ခေါ် အ.မ.က | လားရှိုး | ၅၁ | KG-G5 | ၂၀၁၁ |
| ၈၈ | N-8 | ဟိုမိန်း အ.မ.က | သိန်းနီ | ၁၄၂ | KG-G5 | ၂၀၀၃ |

| | | | | | | |
|---|---|---|---|---|---|---|
| ၈၉ | N-28 | တောင်မြို့ အ.မ.က | သိန်းနီ | ၁၀၁ | KG-G5 | ၂၀၀၅ |
| ၉၀ | NII-16 | စယ်အူ အ.မ.က | သိန်းနီ | ၁၆၂ | KG-G5 | ၂၀၀၉ |
| ၉၁ | NIV-3 | မောက်စလီ အ.မ.က | သိန်းနီ | ၆၃ | KG-G5 | ၂၀၁၈ |
| ၉၂ | N-20 | နားအိုက်ခန့် အ.လ.က (ခွဲ) | ကျောက်မဲ | ၂၈၃ | KG-G9 | ၂၀၀၄ |
| ၉၃ | NIV-7 | ခိုမုန်း အ.မ.က မူလွန် | ကျောက်မဲ | ၁၀၉ | KG-G8 | ၂၀၁၈ |
| ၉၄ | NIV-27 | မက်မန်းကုန်းသာ အ.မ.ကမူလွန် | ကျောက်မဲ | ၁၁၂ | KG-G8 | ၂၀၂၀ |
| ၉၅ | NIV-28 | မန်လွယ်မော်အောက် အ.မ.က | ကျောက်မဲ | ၈၀ | KG-G5 | ၂၀၂၀ |
| ၉၆ | NIII-38 | မန်အော် အ.မ.က | ကျောက်မဲ | ၆၅ | KG-G5 | ၂၀၁၆ |
| ၉၇ | NIV-18 | မန်စန်း(တင်း) အ.မ.က | ကျောက်မဲ | ၅၅ | KG-G5 | ၂၀၁၉ |
| ၉၈ | NII-40 | ပလောင်ချောင်း အ.လ.က | နောင်ချို | ၂၀၅ | KG-G9 | ၂၀၁၁ |
| ၉၉ | NII-44 | စံပြရွှေဂူ အ.လ.က | နောင်ချို | ၈၅ | KG-G9 | ၂၀၁၂ |
| ၁၀၀ | NII-45 | လွယ်တောင်း အ.မ.က မူလွန် | နောင်ချို | ၉၇ | KG-G8 | ၂၀၁၂ |
| ၁၀၁ | NIII-50 | ကုန်းကြီးရွာမ အ.မ.က မူလွန် | နောင်ချို | ၁၁၀ | KG-G8 | ၂၀၁၇ |
| ၁၀၂ | NIV-19 | လွယ်ခေါ် အ.မ.က မူလွန် | နောင်ချို | ၁၁၈ | KG-G8 | ၂၀၁၉ |
| ၁၀၃ | NIV-30 | နောင်သခေါ အ.မ.က မူလွန် | နောင်ချို | ၇၀ | KG-G8 | ၂၀၂၀ |
| ၁၀၄ | NII-18 | ပန်မြိုင်း အ.မ.က မူလွန် | သီပေါ | ၁၄၇ | KG-G8 | ၂၀၀၉ |
| ၁၀၅ | NII-36 | မူးလေး အ.မ.က | သီပေါ | ၅၄ | KG-G5 | ၂၀၁၁ |
| ၁၀၆ | NIII-8 | ဆိုင်းလဲ အ.မ.က | သီပေါ | ၂၆ | KG-G5 | ၂၀၁၃ |
| ၁၀၇ | NIV-15 | နမ့်ပျဉ် အ.မ.က | သီပေါ | ၆၀ | KG-G5 | ၂၀၁၉ |
| ၁၀၈ | NIV-24 | ပန်မိတ် အ.မ.က | သီပေါ | ၈၀ | KG-G5 | ၂၀၂၀ |
| ၁၀၉ | NII-6 | မိုင်းကျိုင်း အ.မ.က | လားရှိုး | ၈၁ | KG-G5 | ၂၀၀၈ |
| ၁၁၀ | NII-26 | နမ့်ခိုက် အ.မ.က | လားရှိုး | ၁၅၂ | KG-G5 | ၂၀၁၀ |
| ၁၁၁ | NIII-14 | နောင်ခွန် အ.မ.က | လားရှိုး | ၄၉ | KG-G5 | ၂၀၁၄ |
| ၁၁၂ | NIII-43 | နမ့်ပူ အ.မ.က မူလွန် | လားရှိုး | ၈၉ | KG-G9 | ၂၀၁၇ |
| ၁၁၃ | N-18 | မိုင်းပွန်း အ.မ.က | သိန်းနီ | ၁၁၂ | KG-G5 | ၂၀၀၄ |
| ၁၁၄ | N-29 | နားဆော့ အ.လ.က (ခွဲ) | သိန်းနီ | ၂၃၁ | KG-G9 | ၂၀၀၅ |
| ၁၁၅ | N-41 | နားကုန်း အ.မ.က မူလွန် | သိန်းနီ | ၂၂၅ | KG-G8 | ၂၀၀၆ |
| ၁၁၆ | NII-15 | စုစည်း (၂) အ.မ.က | သိန်းနီ | ၁၆၀ | KG-G5 | ၂၀၀၉ |
| ၁၁၇ | NII-41 | ဖိုင်ခမ်း အ.မ.က | သိန်းနီ | ၆၃ | KG-G5 | ၂၀၁၂ |
| ၁၁၈ | NIII-5 | ဥယာဉ်မှူး အ.မ.က မူလွန် | သိန်းနီ | ၁၃၈ | KG-G8 | ၂၀၁၃ |

# ကစားကွင်းပစ္စည်းများထောက်ပံ့ပေးခဲ့သော ကျောင်းများ၏မြင်ကွင်းအချို့

- (၁) SIV-1 ပင်ငို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (တပ်ဆင်သည့်ရက် ၉ ဇွန်လ ၂၀၁၈)






- (၂) SIII-2 ကျောက္ကချား အခြေခံပညာအထက်တန်းကျောင်း (တပ်ဆင်သည့်ရက် ၁ စက်တင်ဘာ ၂၀၂၀)






# ကစားကွင်းပစ္စည်းများထောက်ပံ့ပေးခဲ့သော ကျောင်းများ၏မြင်ကွင်းအချို့

■ (၃) N-41 နားကုန်း အခြေခံပညာမူလတန်းကျောင်း(ခွဲ) (တပ်ဆင်သည့်ရက် ၃၀ မေလ ၂၀၂၂)






■ (၄) NII-26 နမ့်ခိုက် အခြေခံပညာမူလတန်းကျောင်း (တပ်ဆင်သည့်ရက် ၉ မတ်လ ၂၀၂၂)






# အခြားဆောင်ရွက်ချက်များ

## သွားနတ်သမီးလေးစီမံကိန်း

TOOTH FAIRY

သွားနတ်သမီးလေးဆိုသည်မှာ အနောက်တိုင်း ဆိုရိုးစကားဖြစ်ပြီး ကလေးများ ငယ်သွား လဲစဉ်ကျွတ်သောသွားအား ခေါင်းအုံးအောက်တွင်ထားအိပ်ပါက ထိုသွားအား သွားနတ်သမီးလေးမှ တိတ်တဆိတ် လာရောက်ယူငင်ပြီး နှစ်သက်ဖွယ် လက်ဆောင်နှင့်လဲလှယ်ပေးသော နတ်သမီးဟု ဆိုပါသည်။







ဂျပန်နိုင်ငံတွင် သွားပိုးစားပါက ပိုးစားသောနေရာအား ခြစ်ထုတ်ဖယ်ရှားပစ်ပြီး အဆိုပါနေရာတွင် ရွှေ၊ ငွေ၊ ပလက်တီနမ် အစရှိသည့် သတ္တုပစ္စည်းများဖြင့် ဖာထေးကြပါသည်။ အသစ်လဲလှယ် ဖာထေးကြသည့် အချိန်တွင်အသုံးမလိုတော့သည့် ကနဦးသတ္တုပစ္စည်းများအား သွားဆရာဝန်များနှင့် သွားဆေးဝါးကုသမှုခံယူသူ ဂျပန်ပြည်များမှ သွားနတ်သမီးလေး စီမံကိန်းသို့ လှူဒါန်းကြပါသည်။

စေတနာအဖွဲ့မှစီမံကိန်းနှစ် ၂၀၀၉ ခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းဆောက်လုပ်ခဲ့သော စာသင်ကျောင်း(၁၀)ကျောင်းမှာ သွားနတ်သမီးလေးစီမံကိန်းဟု အမည်တွင်သော ဂျပန်သွားဆရာဝန်များ အသင်း၏ ငွေကြေးပံ့ပိုးကူညီမှုဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။

ဂျပန်နိုင်ငံ သွားနတ်သမီးလေး စီမံကိန်းအဖွဲ့မှ သွားဆရာဝန်များနှင့် နိပွန်းဖောင်ဒေးရှင်းမှ တာဝန်ရှိသူများသည် စေတနာအဖွဲ့၏ စီမံကိန်ဒေသများသို့ ၂၀၁၉ ဇန်နဝါရီလ (၃၁) မှ ဖေဖော်ဝါရီလ (၁) ရက်နေ့ထိ နှစ်ရက်တာခရီးစဉ် လာရောက်၍ ကျောင်းသား/သူ ကလေးငယ်များ၏ သွားများစစ်ဆေးကြည့်ရှုခြင်း၊ မှန်ကန်သော သွားတိုက်ပုံသင်ပြခြင်း၊ သွားပိုးမစားရန် ဖလိုရိုက်ပါသော ဆေးရည်ဖြင့် ပလုပ်ကျင်းကာကွယ်ခြင်း၊ သွားဖက်ဆိုင်ရာအသိပညာဗဟုသုတမှတ်တမ်းရုပ်ပုံများပါသော ကျောင်းသုံးဗလာစာအုပ်များ ဖြန့်ဝေခြင်း စသော သွားဖက်ဆိုင်ရာ ကျန်းမာရေး အသိပေးဟောပြောခြင်း သရုပ်ပြခြင်းများကို မြန်မာသွားဆရာဝန်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။










## ရှမ်းပြည်နယ်ရှိ ကျောင်းများ၏ သန့်ရှင်းရေး အခြေအနေ ကောင်းမွန်ရေး

စေတနာအဖွဲ့၏ လုပ်ငန်းစဉ်အရ ကျောင်းများ၏ သန့်ရှင်းရေးအခြေအနေ ကောင်းမွန်ရေးကို ပိုမိုတိုးတက်စေရန် ရှမ်းပြည်နယ်ရှိ ကျောင်းများတွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်မည် ဖြစ်ပါသည်။

| | |
|---|---|
| ရည်ရွယ်ထားသော ကျောင်းများ : | ၈ ကျောင်း (EPD ပထမအဆင့် ကျောင်းများ) |
| စီမံကိန်းရည်မှန်းထားသောဒေသများ | တောင်ပိုင်းနှင့် မြောက်ပိုင်း ရှမ်းပြည်နယ် |
| လှူဒါန်းငွေ ပမာဏ: | အမေရိကန်ဒေါ်လာ ၂၇,၀၀၀ |
| စီမံကိန်းကာလ: | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ |



## စီမံကိန်း လှုပ်ရှားမှုများ

စေတနာအဖွဲ့သည် တောင်ပိုင်း ရှမ်းပြည်နယ်ရှိ မြို့နယ် ၅ ခုမှ ကျောင်း ၆ ကျောင်းနှင့် မြောက်ပိုင်း ရှမ်းပြည်နယ်ရှိ မြို့နယ် ၂ ခုမှ ကျောင်း ၂ ကျောင်း စုစုပေါင်း ၈ ကျောင်းကို ရွေးချယ်ကာ ကျောင်းသန့်ရှင်းရေး အဆောက်အဦများ ဆောင်ရွက်လျက်ရှိပါသည်။

စေတနာအဖွဲ့သည် ယင်းကျောင်းများတွင် ယောကျာ်းလေးများအတွက် အခန်း ၂ ခန်းနှင့် မိန်းကလေး များအတွက် အခန်း ၃ ခန်း ပါဝင်သော အိမ်သာ အခန်း ၅ ခန်းကို ဘိလပ်မြေစည်းရိုးနံရံဖြင့် ခွဲထားကာ ဆောက်လုပ်ပေးနေပါသည်။ ကျောင်းသူတစ်ယောက်သည် လူငယ်အရွယ်ရောက်သောအခါ၊ သီးသန့်အိမ်သာ အခန်းများ အသုံးပြုခွင့်ရှိခြင်းသည် သူမသည် ပညာသင်ကြားမှုကို ဆက်လက်လုပ်ဆောင်သွားမည် /မဟုတ် မည်ကို ဆုံးဖြတ်နိုင်သောအချက် ဖြစ်နိုင်သည်။ အိမ်သာသီးသန့်ခန်းများ ရရှိနိုင်ခြင်းသည် ကျောင်းသို့သွား ရန်နှင့် ကျောင်းစနစ်ထဲတွင် ဆက်လက်ရှိနေရန် မိန်းကလေးများအား အားပေးနိုင်သည်။ လက်ရှိတွင် မြောက် ပိုင်း ရှမ်းပြည်နယ်ရှိ ကျောင်း ၂ ကျောင်းတွင် အိမ်သာ ၅ ခန်း ဆောက်လုပ်ပြီးဖြစ်ပြီး တောင်ပိုင်းရှမ်းပြည်နယ်ရှိ ကျောင်း ၆ ကျောင်းတွင် ဆောက်လုပ်ဆဲဖြစ်ပါသည်။

## ရုံးချုပ်မှ ကုန်ကျစရိတ်မှတ်တမ်း

ကျောင်းသန့်ရှင်းရေး အခြေအနေကောင်းမွန်ရေး စီမံကိန်း (ရှမ်းပြည်နယ်)

(စီမံကိန်းအမှတ်: ၂၀၂၀-A၀၂၃-၀၀၅)

| အမှတ် | နေ့စွဲ | အသေးစိတ် | ဝင်ငွေ(ကျပ်) | ကုန်ကျစရိတ် (ကျပ်) | လက်ကျန်ငွေ |
|---|---|---|---|---|---|
| ၁ | ၃၀-ဒီဇင်ဘာ-၂၀ | လှူဒါန်းငွေ (အမေရိကန်ဒေါ်လာ ၂၇,၀၀၀) ကို ကျပ်ငွေဖြင့် ပြန်လဲ (1$=1331K) | ၃၅,၉၃၇,၀၀၀ | ၃၅,၉၃၇,၀၀၀ | ၃၅,၉၃၇,၀၀၀ |
| ၂ | ၂၀-ဇန်နဝါရီ-၂၁ | တောင်ပိုင်း ရှမ်းပြည်သို့ ငွေလွှဲခြင်း | - | ၂၆,၉၃၇,၀၀၀ | (၆၃,၀၀၀) |
| ၃ | ၂၀-ဇန်နဝါရီ-၂၁ | မြောက်ပိုင်း ရှမ်းပြည်သို့ ငွေလွှဲခြင်း | - | ၉,၀၀၀,၀၀၀ | (၂၆,၉၃၇,၀၀၀) |
| ၄ | ၃၀-အောက်တိုဘာ-၂၁ | ပြည်တွင်းဘဏ်တိုးရရှိငွေ | ၆၃,၀၀၀ | - | - |
| စုစုပေါင်း | | | ၃၆,၀၀၀,၀၀၀ | ၃၆,၀၀၀,၀၀၀ | - |

# ကျောင်းများအတွက် အိမ်သာဆောက်လုပ်ခြင်းငွေပေးချေမှု

| အမှတ် | ကျောင်း အမှတ် | ဘဏ္ဍာနှစ် | မြို့နယ် | ကျောင်းအမည် | ပြီးမြောက်မှု | ငွေပေးချေမှု |
|---|---|---|---|---|---|---|
| ၁ | S-2 | ၂၀၀၂ | တောင်ကြီး | ထီဗွာ<br>အမကကျောင်း | ၁၀၀% | MMK<br>၄,၅၀၀,၀၀၀ |
| ၂ | S-3 | ၂၀၀၂ | တောင်ကြီး | ဆည်ကြီးပန်းတော<br>အလကကျောင်း | ၁၀၀% | MMK<br>၄,၅၀၀,၀၀၀ |
| ၃ | S-15 | ၂၀၀၃ | ဟိုပုံး | စအွန်<br>အလကကျောင်း | ၁၀၀% | MMK<br>၄,၅၀၀,၀၀၀ |
| ၄ | S-16 | ၂၀၀၃ | ညောင်ရွှေ | ဘုရားတောင်<br>အထကကျောင်း | ၁၀၀% | MMK<br>၄,၅၀၀,၀၀၀ |
| ၅ | S-19 | ၂၀၀၃ | ဆီဆိုင် | နားမွန်း<br>အလကကျောင်း | ၁၀၀% | MMK<br>၄,၅၀၀,၀၀၀ |
| ၆ | S-42 | ၂၀၀၅ | ပင်လောင်း | ဆောင်းတွံ<br>မူလွန်ကျောင်း | ၁၀၀% | MMK<br>၄,၅၀၀,၀၀၀ |
| ၇ | N-19 | ၂၀၀၄ | သိန္နီ | ပန်လော့<br>အလကခွဲကျောင်း | ၁၀၀% | MMK<br>၄,၅၀၀,၀၀၀ |
| ၈ | N-20 | ၂၀၀၄ | ကျောက်မဲ | နားအိုက်ခန့်<br>အလကခွဲကျောင်း | ၁၀၀% | MMK<br>၄,၅၀၀,၀၀၀ |

## ■ ကျောင်းအမှတ် – N-19 ပန်လော့ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)






| | |
|---|---|
| ▪ တည်နေရာ | မြောက်ပိုင်း ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ သိန္နီမြို့နယ်၊ ပန်လော့ကျေးရွာအုပ်စု၊ ပန်လော့ကျေးရွာ |
| ▪ ဆောက်လုပ်သည့်နှစ်: | ၂၀၂၁ ခုနှစ် |
| ▪ အဆောက်အဦးအမျိုးအစား: | အိမ်သာ ၅ ခန်း၊ အသီးသီး ရေသိုလှောင်တင့်၊ လက်ဆေးဘေစင် |
| ▪ စီမံကိန်းအသေးစိတ် | သံဖွဲ့ကိုင်း ၊ ဘိလပ်မြေခဲပြားနံရံ၊ ဘိလပ်မြေခဲပြားကြမ်း၊ သံပန်းတံခါးများ၊ အလူဇင့် အမိုးသံမိုးခေါင်၊ |
| | လက်ဆေးကန် ၂ ခု၊ မိလ္လာရေဆိုးစွန့်ထုတ်အဆင့်များ |
| ▪ စီမံကိန်းလှူဒါန်းငွေ: | ၄,၅၀၀,၀၀၀ ကျပ် |
| ▪ စုစုပေါင်းဆောက်လုပ်မှုကုန်ကျစရိတ်: | ၄,၅၀၀,၀၀၀ ကျပ် |
| ▪ စီမံကိန်းကာလ | ၂၉ ဇန်နဝါရီ ၂၀၂၁ မှ ၈ မတ် ၂၀၂၁ အထိ |

## ■ ကျောင်းအမှတ် – N-20 နားအိုက်ခန့် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)






| | |
|---|---|
| ▪ တည်နေရာ | မြောက်ပိုင်း ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်၊ နားအိုက်ခန့်ကျေးရွာအုပ်စု၊ နားအိုက်ခန့်ကျေးရွာ |
| ▪ ဆောက်လုပ်သည့်နှစ်: | ၂၀၂၁ ခုနှစ် |
| ▪ အဆောက်အဦးအမျိုးအစား: | အိမ်သာ ၅ ခန်း၊ အသီးသီး ရေသိုလှောင်တင့်၊ လက်ဆေးဘေစင် |
| ▪ စီမံကိန်းအသေးစိတ် | သစ်သားဖွဲ့ကိုင်း၊ ဘိလပ်မြေခဲပြားနံရံ၊ ဘိလပ်မြေခဲပြားကြမ်း (အီမယ်နယ်ကြမ်းခင်းပြားဖြင့် ထပ်ခင်း)၊ |
| | ပိတောက်သစ်တံခါးများ၊ အလူဇင့် အမိုးသံမိုးခေါင်၊ လက်ဆေးဘေစင် ၂ ခု၊ မိလ္လာရေဆိုး စွန့်ထုတ်အဆင့်များ |
| ▪ စီမံကိန်းလှူဒါန်းငွေ: | ၄,၅၀၀,၀၀၀ ကျပ် |
| ▪ စုစုပေါင်းဆောက်လုပ်မှုကုန်ကျစရိတ်: | ၄,၅၀၀,၀၀၀ ကျပ် |
| ▪ စီမံကိန်းကာလ | ၂၉ ဇန်နဝါရီ ၂၀၂၁ မှ ၂၇ ဖေဖော်ဝါရီ ၂၀၂၁ အထိ |

## ▪ ကျောင်းအမှတ် – S-2 ထီဖွာ အခြေခံပညာ မူလတန်းကျောင်း (BEPS)









| | |
|---|---|
| ▪ တည်နေရာ | နန်းဟောင်းကျေးရွာစု၊ တောင်ကြီးမြို့နယ် |
| ▪ ဆောက်လုပ်မှု စလုပ်သည့်နေ့ | ၁၂ မတ် ၂၀၂၁ |
| ▪ ဆောက်လုပ်မှု ပြီးစီးသည့်နေ့ | ၄ မေ ၂၀၂၁ |
| ▪ စေတနာမှ ပံ့ပိုးငွေ | ၄,၅၀၀,၀၀၀ ကျပ် |
| ▪ ဒေသခံများ ထပ်ဆောင်းငွေ | ၆၁,၇၉၀ ကျပ် |
| ▪ စုစုပေါင်းဆောက်လုပ်မှုကုန်ကျစရိတ်: | ၄,၅၆၁,၇၉၀ ကျပ် |

## ▪ ကျောင်းအမှတ် – S-3 ဆည်ကြီးပန်းတော အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (BEMS(b))





| | |
|---|---|
| ▪ တည်နေရာ | မိုင်းသော်ရှေ့ကျေးရွာအုပ်စု၊ တောင်ကြီးမြို့နယ် |
| ▪ ဆောက်လုပ်သည့်နှစ်: | ၂၀၂၁ ခုနှစ် |
| ▪ စီမံကိန်းလှူဒါန်းငွေ: | ၄,၅၀၀,၀၀၀ ကျပ် |
| ▪ ဒေသခံများ ထပ်ဆောင်းငွေ | ၉၇,၀၀၀ ကျပ် |
| ▪ စုစုပေါင်းဆောက်လုပ်မှုကုန်ကျစရိတ်: | ၄,၅၉၇,၀၀၀ ကျပ် |
| ▪ စီမံကိန်းကာလ | ၁၂ ဇူလိုင် ၂၀၂၁ မှ ၂၇ ဇူလိုင် ၂၀၂၁ အထိ |

## ■ ကျောင်းအမှတ် – S-15 စအွန် အခြေခံပညာအလယ်တန်းကျောင်း (BEMS)






| | |
|---|---|
| ▪ တည်နေရာ | စငေါကျေးရွာအုပ်စု၊ ဟိုပုံးမြို့နယ် |
| ▪ ဆောက်လုပ်သည့်နှစ်: | ၂၀၂၁ ခုနှစ် |
| ▪ စီမံကိန်းလျာထားငွေ: | ၄,၅၀၀,၀၀၀ ကျပ် |
| ▪ ဒေသခံများ ထပ်ဆောင်းငွေ | ၁၀၇,၄၁၀ ကျပ် |
| ▪ စုစုပေါင်းဆောက်လုပ်မှုကုန်ကျစရိတ်: | ၄,၆၀၇,၄၁၀ ကျပ် |
| ▪ စီမံကိန်းကာလ | ၁၁ ဖေဖော်ဝါရီ ၂၀၂၁ မှ ၂၁ ဧပြီ ၂၀၂၁ အထိ |

## ■ ကျောင်းအမှတ် – S-16 ဘုရားတောင် အခြေခံပညာအထက်တန်းကျောင်း (BEHS)






| | |
|---|---|
| ▪ တည်နေရာ | ရေပူကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ် |
| ▪ ဆောက်လုပ်သည့်နှစ်: | ၂၀၂၁ ခုနှစ် |
| ▪ စီမံကိန်းလျာထားငွေ: | ၄,၅၀၀,၀၀၀ ကျပ် |
| ▪ ဒေသခံများ ထပ်ဆောင်းငွေ | ၉၄၂,၆၅၃ ကျပ် |
| ▪ စုစုပေါင်းဆောက်လုပ်မှုကုန်ကျစရိတ်: | ၅,၄၄၂,၆၅၃ ကျပ် |
| ▪ စီမံကိန်းကာလ | ၁၄ ဇွန် ၂၀၂၁ မှ ၆ ဇူလိုင် ၂၀၂၁ အထိ |

## ■ ကျောင်းအမှတ် – S-19 နားမွန်း အခြေခံပညာအလယ်တန်းကျောင်း (BEMS)




| | |
|---|---|
| ▪ တည်နေရာ | နားသံကျေးရွာအုပ်စု၊ ဆီဆိုင်မြို့နယ် |
| ▪ ဆောက်လုပ်သည့်နှစ်: | ၂၀၂၁ ခုနှစ် |
| ▪ စီမံကိန်းလှူဒါန်းငွေ: | ၄,၅၀၀,၀၀၀ ကျပ် |
| ▪ ဒေသခံများ ထပ်ဆောင်းငွေ | ၉၀၀,၀၀၀ ကျပ် |
| ▪ စုစုပေါင်းဆောက်လုပ်မှုကုန်ကျစရိတ်: | ၅,၄၀၀,၀၀၀ ကျပ် |
| ▪ စီမံကိန်းကာလ | ၁၂ ဇူလိုင် ၂၀၂၁ မှ ၂၁ ဇူလိုင် ၂၀၂၁ အထိ |

## ■ ကျောင်းအမှတ် – S-42 ဆောင်းတွံ အခြေခံပညာမူလတန်းကျောင်း (BEPPS)






| | |
|---|---|
| ▪ တည်နေရာ | ပင်မွန်းကျေးရွာအုပ်စု၊ ပင်လောင်းမြို့နယ် |
| ▪ ဆောက်လုပ်သည့်နှစ်: | ၂၀၂၁ ခုနှစ် |
| ▪ စီမံကိန်းလှူဒါန်းငွေ: | ၄,၅၂၃,၁၉၀ ကျပ် |
| ▪ ဒေသခံများ ထပ်ဆောင်းငွေ | ၂၃,၁၉၀ ကျပ် |
| ▪ စုစုပေါင်းဆောက်လုပ်မှုကုန်ကျစရိတ်: | ၄,၅၉၇,၀၀၀ ကျပ် |
| ▪ စီမံကိန်းကာလ | ၂၁ ဧပြီ ၂၀၂၁ မှ ၁၁ မေ ၂၀၂၁ အထိ |

## ဆရာ/ဆရာမနေအိမ်ဆောက်လုပ်ခြင်းစီမံကိန်း

စေတနာအဖွဲ့သည် ဆရာ/ဆရာမနေအိမ်ဆောက်လုပ်ခြင်းစီမံကိန်းကို ရှမ်းပြည်နယ်တွင် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့ပါသည်။ ၎င်းစီမံကိန်းဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၄ ကျောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၄ ကျောင်း၊ စုစုပေါင်း ၈ ကျောင်းတွင် ဆရာ/ဆရာမနေအိမ်များကို စေတနာအဖွဲ့၏ဘဏ်စာရင်းများမှရရှိသောအတိုးငွေရန်ပုံငွေဖြင့် ဆောက်လုပ်ပေးခဲ့ပါသည်။

စေတနာအဖွဲ့မှ ဆရာ/ဆရာမနေအိမ်ဆောက်လုပ်ပေးခဲ့သော ကျောင်းစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| အမှတ် | ဆောက်လုပ်သည့်ခုနှစ် | ကျောင်းအမှတ် | ကျောင်းအမည် | မြို့နယ် | ပြည်နယ် | စေတနာအဖွဲ့မှ ကုန်ကျငွေ |
|---|---|---|---|---|---|---|
| ၁ | ၂၀၁၈ | SIV-2 | ဟိုပွေးအလက(ခွဲ) | ဟိုပုံး | ရှမ်းပြည်နယ်တောင်ပိုင်း | ၃၀,၀၀၀,၀၀၀ ကျပ် |
| ၂ | | SIV-10 | ၈ မိုင်မူလွန် | နမ့်စန် | ရှမ်းပြည်နယ်တောင်ပိုင်း | ၃၀,၀၀၀,၀၀၀ ကျပ် |
| ၃ | | NIV-7 | ခိုမုန်းအမက | ကျောက်မဲ | ရှမ်းပြည်နယ်မြောက်ပိုင်း | ၃၀,၀၀၀,၀၀၀ ကျပ် |
| ၄ | | NIV-8 | ပန်ကွမ်အလက | ကျောက်မဲ | ရှမ်းပြည်နယ်မြောက်ပိုင်း | ၃၀,၀၀၀,၀၀၀ ကျပ် |
| ၅ | ၂၀၁၉ | S-40 | အလယ်ချောင်အထကခွဲ | ရပ်စောက် | ရှမ်းပြည်နယ်တောင်ပိုင်း | ၃၀,၀၀၀,၀၀၀ ကျပ် |
| ၆ | | SII-21 | နန်းပန်းအထကခွဲ | ပင်လောင်း | ရှမ်းပြည်နယ်တောင်ပိုင်း | ၃၀,၀၀၀,၀၀၀ ကျပ် |
| ၇ | | N-20 | နားအိုက်ခန့် အမကမူလွန် | ကျောက်မဲ | ရှမ်းပြည်နယ်မြောက်ပိုင်း | ၃၀,၀၀၀,၀၀၀ ကျပ် |
| ၈ | | N-30 | ဟိုပိတ်အလကခွဲ | လားရှိုး | ရှမ်းပြည်နယ်မြောက်ပိုင်း | ၃၀,၀၀၀,၀၀၀ ကျပ် |

(၁) SIV-2 ဟိုဖွေးအခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ ဟိုပုံးမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း





(၂) SIV-10 ၈ မိုင်အခြေခံပညာမူလတန်းလွန်ကျောင်း၊ နမ့်စန်မြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း




(၃) NIV-7 ခိုမုန်းအခြေခံပညာမူလတန်းကျောင်း၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း






(၄) NIV-8 ပန်ကွမ်အခြေခံပညာအလယ်တန်းကျောင်း၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း






### (၅) S-40 အလယ်ချောင် အခြေခံပညာအထက်တန်းကျောင်းခွဲ၊ ရပ်စောက်မြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း






### (၆) SII-21 နန်းပန်းအခြေခံပညာအထက်တန်းကျောင်းခွဲ၊ ပင်လောင်းမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း




### (၇) N-20 နားအိုက်ခန့် အခြေခံပညာမူလတန်းလွန်ကျောင်း၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း






### (၈) N-30 ဟိုပိတ်အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း








THE NIPPON FOUNDATION

စေတနာ Saetanar

# စေတနာအဖွဲ့



## ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်း စီမံကိန်း (EPD)

**EPD** စီမံကိန်းသည် ဂျပန်နိုင်ငံ၊ နိပ္ပွန်ဖောင် ဒေးရှင်း၏ ထောက်ပံ့ကူညီမှုဖြင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းကူညီကြိုးပမ်းမှုတို့ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပေါင်းစပ်ညှိနှိုင်း၍ စေတနာအဖွဲ့အစည်းမှ အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။

www.saetanar.org  saetanar@gmail.com  +959891164677

## ကလေးသူငယ်များ ကျောင်းနေရေးနှင့်ပတ်သတ်၍ တပြေးညီ ရှုမြင်သုံးသပ်ခြင်း

လူမှုစီးပွါးရေး အခြေအနေ အမျိုးမျိုးကြောင့် ကလေးများ ပညာသင်ကြားမှုအခွင့်အလမ်းများ ဆုံးရှုံးနေရပါသည်။ အဆိုပါ အခြေအနေများကို နားလည်သဘောပေါက်ပြီး တပြေးညီရှုမြင် သုံးသပ်ခြင်းဖြင့် ရင်ဆိုင်ဖြေရှင်းသင့်ပါသည်။

အချို့ဒေသများတွင် ကျောင်းနေရေးအတွက်အခက်အခဲရှိသော ကလေးများ၏ ပညာရေးကို အထောက်အကူပြုနိုင်ရန် စာသင်ကျောင်းများတွင် ပညာရေးရန်ပုံငွေ ရရှိစေမည့် ဝင်ငွေတိုးလုပ်ငန်းများ၊ မိသားစုတစ်စုစီ၏ ဝင်ငွေများပြားလာစေရန် ကူညီနိုင်သည့် ဆောင်ရွက်မှုများကို အကောင်အထည်ဖော်ရန် အရေးပါလိုအပ်မှုများရှိနေသဖြင့် ကျောင်းရန်ပုံငွေ တည်ထောင်ခြင်းသည် အနာဂတ်တွင် ပညာရေးလိုအပ်ချက်များကို ပံ့ပိုးနိုင်မည့် အဓိကသော့ချက်ဖြစ်ပါသည်။





## စီမံကိန်းလုပ်ငန်းစဉ်များ

(၁) အခြေခံပညာဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ပေ (၁၂၀x၃၀) အရွယ်၊ ပေ (၉၀x၃၀) အရွယ်နှင့် ပေ (၆၀x၃၀) အရွယ်ရှိ ကျောင်းဆောင်သစ်များကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၂) ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးသည့်ကာလတွင် ကျောင်းဆောင်ဆောက်လုပ်ရေးလုပ်ငန်းတွင် ဒေသခံများ၏ ပူးပေါင်းပါဝင်မှု (ဥပမာ- ငွေကြေး၊ ဆောက်လုပ်ရေးပစ္စည်း၊ လုပ်အားပေး) များကို စေတနာအဖွဲ့မှ ပြန်လည်တွက်ချက်ပြီး ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေအဖြစ် ပြန်လည်ပေးအပ်ပါသည်။ ထိုရန်ပုံငွေကိုမတည်၍ မိမိဒေသနှင့်ကိုက်ညီမှုရှိသော ဝင်ငွေတိုးလုပ်ငန်းများကို ဆောင်ရွက်ခြင်း (ဥပမာ- ဆန်စက်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသေးစားဈေးဆိုင်လုပ်ငန်း၊ စုပေါင်းခြံလုပ်ငန်း)

(၃) စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ပြီး နည်းပညာများပြန့်ပွါးစေရန် ရည်ရွယ်၍ အောက်ပါလက်ကမ်းစာစောင်များကိုဖြန့်ဝေရှင်းလင်းခြင်းအပြင် လက်တွေ့သရုပ်ပြသင်ကြားခြင်း
(က) ဒိုချကင်းသဘာဝမြေဩဇာပြုလုပ်ပုံနှင့် အသုံးပြုနည်းများ
(ခ) မီးသွေးပေါင်းခံရည်ပြုလုပ်ပုံနှင့် အသုံးပြုပုံများ
(ဂ) ပျိုးသက်နုနုစပါးစိုက်ပျိုးနည်းစနစ်
**(System of Rice Intensification)** ကို အသုံးချစိုက်ပျိုးနည်းများ

## ဆက်သွယ်ရန်

ရန်ကုန်ရုံး
အမှတ်-၁၆၊အောင်မြေသာစည်လမ်း၊၁-ရပ်ကွက် အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
saetanar.ygn@gmail.com, 09-891164677

တောင်ကြီးရုံး
အမှတ်-၂၄၃ ဘီ၊ သီရိမင်္ဂလာလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့
saetanar.tgy@gmail.com, 081-2124356

## ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပညာသင်ကြားခြင်းစီမံကိန်း

### မြန်မာနိုင်ငံကျေးလက်ဒေသများတွင် အခြေခံပညာရေးနှင့် ပတ်သက်၍ အမှန်တကယ် တွေ့ကြုံနေရသည့် အခက်အခဲများ

မြန်မာလူမျိုးများသည် ပညာလိုလား၍ ကြိုးစားသူများအဖြစ် အသိများကြပါသည်။ သို့သော်လည်း အချို့သော ကလေးများသည် အကြောင်းအမျိုးမျိုးကြောင့် အရည်အသွေးမီသော ပညာရေးကို သင်ယူရန် အခက်အခဲများရှိနေပါသည်။ ကျေးလက်ဒေသရှိ စာသင်ကျောင်းအများအပြားမှာ အောက်ဖော်ပြပါ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။

### (၁)စာသင်ကျောင်းများ မလုံလောက်ခြင်း၊ ကျောင်းဆောင်နှင့် ကျောင်းသုံးပရိဘောဂ အစရှိသည်များ ဟောင်းနွမ်းယိုယွင်းလျက်ရှိခြင်း

မြန်မာနိုင်ငံကျေးလက်ဒေသများတွင် စာသင်ခန်းများ၊ ကျောင်းအဆောက်အဦးများ၊ ပရိဘောဂများ လုံလောက်ပြည့်စုံမှု မရှိခြင်းသည် ပညာရေးအတွက် အဓိကပြဿနာတစ်ခုဖြစ်ပါသည်။ အချို့သော ကျေးရွာများတွင် ဒေသခံများကိုယ်တိုင် ငွေကြေးများ စုဆောင်းပြီး ကျောင်းဆောင်နှင့် ပရိဘောဂများ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ကြပါသည်။

သို့သော်လည်း ကျေးရွာတော်တော်များများသည် ကျောင်းသား/သူဦးရေ လျှင်မြန်စွာတိုးပွါးလာမှုနှင့် ကျောင်းအဆောက်အဦးနှင့် ပရိဘောဂများ ဟောင်းနွမ်းယိုယွင်းလာမှုစသည့် အကြပ်အတည်းများကို ရင်ဆိုင်နေရပါသည်။

အချို့ကျောင်းများတွင် စာရေးစားပွဲ၊ ကုလားထိုင်များမရှိသဖြင့် ကလေးများမှာ စာသင်ခန်းကြမ်းပြင်ပေါ် ထိုင်၍ပင် စာသင်ကြားရသည့်အခြေအနေများ ရှိသကဲ့သို့ စာသင်ခန်းများမလုံလောက်သဖြင့် အခန်းတစ်ခန်းထဲတွင် ၂တန်း/ ၃တန်း ပေါင်း၍ စာသင်နေရခြင်းကြောင့် ကလေးများမှာ စာတွင်အာရုံမစိုက်နိုင်သည့် အကျိုးဆက်များလည်း ရှိနေပါသည်။

### (၂)ဆရာ/ဆရာမအရေအတွက် လုံလောက်မှုမရှိခြင်း

အချို့သော စာသင်ကျောင်းများတွင် ဆရာ/ဆရာမဦးရေမှာ လုံလောက်မှုမရှိပါ။ မြို့ကြီးပြကြီး (သို့မဟုတ်) မတူညီသော ယဉ်ကျေးမှုနှင့် လူနေမှုစနစ်ရှိသော ပတ်ဝန်းကျင်မှ ကျေးလက်ဒေသသို့ လာရောက်၍ တာဝန်ထမ်းဆောင်သော ဆရာ/ဆရာမများသည် ကျေးလက်လူနေမှုပုံစံနှင့် အံဝင်ခွင်ကျဖြစ်အောင် ညှိနှိုင်းနေထိုင်ရန် အခက်အခဲများရှိကြပါသည်။ ထို့အပြင် ဒေသခံများအနေဖြင့်လည်း ဆရာ/ဆရာမများ၏ လိုအပ်ချက်များကို ထောက်ပံ့ရန်အတွက် ရန်ပုံငွေအခက်အခဲများလည်း ရှိနေပါသည်။

ထိုသို့သောအကြောင်းအမျိုးမျိုးကြောင့် ဆရာ/ဆရာမအရေအတွက် လုံလောက်မှုမရှိခြင်း၏ နောက်ဆက်တွဲမှာ ကျေးလက်ဒေသရှိ ကလေးများ၏ ပညာရေးအရည်အသွေးမှာ ကျဆင်းလာပါသည်။

### (၃)လူမှုစီးပွါးရေးအခြေအနေအရ ကလေးများကျောင်းနေရန် အခက်အခဲရှိခြင်း

ကျေးလက်ဒေသများတွင် ကလေးများ၏ လုပ်အားကို အသုံးပြုလေ့ရှိပါသည်။ အထူးသဖြင့် စိုက်ပျိုးရာသီတွင် မိဘများ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် ကလေးများသည် တစ်စိတ်တစ်ပိုင်း ဝင်ရောက်ကူညီရသဖြင့် ကျောင်းသွားရန် အချိန်မရှိသောကြောင့် ကျောင်းတက်ပျက်ကွက်ရပါသည်။ အချို့သော ကလေးများမှာ လိုအပ်သော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ပညာရေးလိုအပ်ချက်များကို မိဘမှမပံ့ပိုးနိုင်သဖြင့် ကျောင်းမနေနိုင်ရခြင်းဖြစ်ပါသည်။

### စီမံကိန်းဦးတည်ချက်

ကျောင်းသားကျောင်းသူများ ပညာရေးအတွက် ပိုမိုကောင်းမွန်သောအခွင့်အလမ်းများရစေရန် "ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်း" ဟု အမည်ရသည့် ပညာရေးအထောက်အကူပြုစီမံကိန်းကို စေတနာအဖွဲ့မှ ၂၀၀၂ ခုနှစ်၊ ဇွန်လတွင် စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ဤစီမံကိန်းသည် စီမံကိန်းအဆင့် ၄ ဆင့်အတွင်း ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စာသင်ကျောင်း ၄၀၀ ကျော်နှင့် ကယားပြည်နယ်တွင် စာသင်ကျောင်း ၂၀ကျော် ဆောက်လုပ်ခြင်းအပြင် အသေးစားပြင်ဆင်ရန် လိုအပ်သောကျောင်းပေါင်း ၁၃၀ ကျော်တွင် ကျောင်းဆောင်ပြုပြင်ခြင်းနှင့် တိုးချဲ့ခြင်းစသည်ဖြင့် ကျေးလက်ဒေသအခြေခံပညာရေးစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လုပ်ဆောင်ခဲ့ပါသည်။ အဆိုပါကျောင်းများ အစဉ်အမြဲ ဖွံ့ဖြိုးလည်ပတ်စေရန်အတွက် အမျိုးမျိုးသောလုပ်ငန်းစဉ်များဖြင့် သွယ်ဝိုက်၍လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း ပံ့ပိုးမှုများ ဆောင်ရွက်နေသည့် စီမံကိန်းဖြစ်ပါသည်။

ရေရှည်အားဖြင့် နယ်စပ်ဒေသရှိ အခြေခံပညာရေး ဖွံ့ဖြိုးတိုးတက်ရန် ကူညီမှုမှတဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။

### စီမံကိန်းနည်းဗျူဟာ(ချဉ်းကပ်မှု)

#### ဒေသခံများ၏ ကိုယ့်အားကိုယ်ကိုးလိုစိတ်နှင့်ပညာရေးတွင် စိတ်အားထက်သန်မှုအပေါ် မူတည်၍ ကူညီပံ့ပိုးခြင်း

ဒေသခံပြည်သူများ၏ ကိုယ့်အားကိုယ်ကိုးလိုစိတ်နှင့် ဦးဆောင်မှုစွမ်းရည်ပေါ် မူတည်၍ စီမံကိန်းဆောင်ရွက်မည့် ဒေသများနှင့် မည်ကဲ့သို့ ပံ့ပိုးကူညီရမည်ကို ရွေးချယ်ဆုံးဖြတ်ပါသည်။ စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ဒေသခံပြည်သူများက အဓိကအခန်းကဏ္ဍမှနေ၍ မလွဲမသွေ ပါဝင်ဆောင်ရွက်ရပါမည်။

စေတနာအဖွဲ့သည် စီမံကိန်း၏ ကုန်ကျစရိတ်ကို ရာနှုန်းပြည့်ထောက်ပံ့ပေးမည်မဟုတ်သလို စီမံကိန်းကိုလည်း အပြည့်အဝထိန်းချုပ်မည်မဟုတ်ပါ။ ဒေသခံများသည် မိမိတို့လုပ်ဆောင်နိုင်စွမ်းရှိသလောက် မိမိတို့စွမ်းရည်ကို အပြည့်အဝထုတ်ယူအသုံးချရမည်ဖြစ်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ပြင်ပအဖွဲ့အစည်း၏အကူအညီကို ရရှိရုံသာမက အစုအဖွဲ့လိုက် ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုကိုပါ ရရှိစေမည်ဖြစ်ပါသည်။



လွယ်မှုတ်အခြေခံပညာမူလတန်းလွန်ကျောင်း၊ လှိုင်လင်မြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း( ၂၀၁၉ ခုနှစ်တွင် တည်ဆောက်ခဲ့သည်)


THE NIPPON FOUNDATION
Saetanar
Photosynthesis




အပြန်အလှန်ဆက်နွယ်အကျိုးပြု စိုက်ပျိုးရေးစနစ်၏သဘောတရား
လူသားတွေကျန်းမာရေးနဲ့ညီညွတ်မဲ
တွေကိုပံ့ပိုးနိုင်တော့မယ်၊ ကုသ
ဒိုချကင်းပိုးရဲ့ကျေးဇူးကြောင့် ဒို့တစ်တွေရဲ့ အမြစ်တွေလည်းသန်စွမ်းပြီး အာဟာရတွေကို စုပ်ယူနိုင်တယ်၊ ဒါကြောင့် ဒို့တွေ ကျန်းမာတာပေါ့
မြေဆီမြေနှစ်ပြည့်ဝစေဖို့ ဒို့တွေပူးပေါ
သဘာဝတရားနှင့်လူသားသည်သီးခြားရပ်တည်
အပြန်အလှန်အကျိုးပြုလျက်ရှိပါသည်။ လူသားများအသက်ရှင်
သဘာဝမိခင်မြေကြီး၏ မြေဆီမြေနှစ်များကိုစားသုံးပြီး သန်
လူသားများအသက်ရှင်ခွင့်ရရှိသဖြင့် လူသားများသည်မိခင်
မိခင်မြေကြီးထံမှ ကောက်ပဲသီးနှံများစားသုံး ရယူခဲ့သော မြေဆီ
အဏုဇီဝပိုးများက သဘာဝပစ္စည်းများကို ဖြိုခွဲခြင်းဖြင့်ရရှိ
ထို့ကြောင့် မိခင်မြေကြီးသို့ ဒိုချကင်းသဘာဝမြေဩ
မြေဆီမြေနှစ်များနှင့်ပြည့်ဝပြီး မိမိလက်ထက်သာမက
အစဉ်တည်တံ့သော စိုက်ပျိုးရေးကို ဆောင်ရွက်နိ
နည်းစနစ်ကို သဘာဝနှင့်လူသားများ အပြန်အလှန်ဆ
ဒို့တွေကံကောင်းလိုက်တာ အာဟာရပြည့်ဝတဲ့အစာတွေစားရတယ်
ဟေ့ ဒို့အ ပေါင်းအသင်းတွေ တဖြည်းဖြည်း များလာပြီ
ကဲ ဒီတစ်ခါတော့ခြံကိုထွန်ယက်ကြရအောင်၊ ပြီးလျှ
ဒိုချကင်း သဘာဝမြေဩဇာထည့်မယ်၊ မိခင်
မြေကြီး ကတော့ပိုပြီးကျန်းမာလာတော့မယ်
၄


ကောက်ပဲသီးနှံ
လ်ရတဲ့အလုပ်ဘဲ
းဆောင်ရွက်စို့
အင်း မိခင်မြေကြီးရဲ့ကျေးဇူးကြောင့် အသက်ရှင်ခွင့်ရပြီ၊ ဒီချကင်းသဘာဝမြေသြဇာအာဟာရနဲ့ ပြန်လည်ကျေးဇူးဆပ်မှာဘဲ
အစ်ကိုကြီးတို့ ဒီချကင်းသဘာဝမြေသြဇာလုပ်တဲ့အခါ ကျွန်တော်လည်းကူညီချင်တယ်
နေခြင်းမဟုတ်ဘဲ အတူတကွယှဉ်တွဲ၍
နထိုင်ရန်အတွက် စားသုံးသော ကောက်ပဲသီးနှံများမှာ
မ်းကြီးထွားပါသည်။ မိခင်မြေကြီး၏ကျေးဇူးကြောင့်
မြေကြီးသို့ ပြန်လည်ကျေးဇူးဆပ်ရန်လိုအပ်ပါသည်။
နှစ်များမှာအပေါ်ယံမြေဆီလွှာတွင်နေထိုင်သော ဒီချကင်း
ဟာသစ်ဆွေးမြေသြဇာ၊ သတ္တဝါမစင်များဖြစ်ပါသည်။
ကိုပြန်လည်ဖြည့်ဆည်းပေးပါက မြေကြီးမှာ
နောင်လာနောက်သားများထက်တိုင်အောင်
မည်ဖြစ်ပါသည်။ ထိုသို့သောစိုက်ပျိုးရေး
နှယ်အကျိုးပြုစိုက်ပျိုးရေးစနစ်ဟု ခေါ်ပါသည်။
ဒီချကင်းသဘာဝမြေသြဇာလုပ်လို့ပြီးတော့မယ်၊ ငှက်ကလေးကလည်းကောက်ရိုးတွေ သယ်ကူနေတော့ ပိုပြီး " " ပြီးမြန်သလိုဘဲ
ကျွန်တော်လည်း မြန်မြန်အချဉ်ဖောက်နိုင်ဖို့ကြိုးစားမယ်၊ ဒါမှမိခင်မြေကြီးကို မြန်မြန်ကျေးဇူးဆပ်နိုင်မှာ
စိတ်မပူပါနဲ့၊ ကျွန်တော်တို့ကောင်းကောင်းအလုပ်လုပ်နေပါတယ်၊ အခုဆိုလျှင် ကျွန်တော်တို့ ဒီချကင်းပိုးအရေအတွက်ကများလာပြီ
အင်း မိခင်မြေကြီးအတွက်ကောင်းတဲ့ သဘာဝမြေသြဇာဖြစ်နိုင်ပါ့မလား
၅

## အပြန်အလှန်ဆက်နွယ်အကျိုးပြု စိုက်ပျိုးရေးစနစ်ကြောင့် မြေဆီမြေနှစ်ပြန်လည်ပြည့်ဝလာသည့် ဦးခွန်ရွှေဘ ၏ စိုက်ပျိုးမြေ (နောင်ကား၊ ရှမ်းပြည်နယ်တောင်ပိုင်း)



# ဒိုချကင်းသဘာဝမြေဩဇာ နှင့် ဓါတ်မြေဩဇာနှိုင်းယှဉ်ချက်



ငို့ကတော့ ဒိုချကင်းသဘာဝမြေဩဇာဘဲသုံးတယ်၊ ငွေလည်းမကုန်ဘူး
မြေဆီလွှာလည်း တစ်နှစ်ထက်တစ်နှစ်ပိုကောင်းလာတယ်၊
သီးနှံထွက်နှုန်းလည်းတိုးလာတယ်



ဓါတ်မြေဩဇာဈေးကလည်းတစ်နှစ်ထက်တစ်နှစ်ဈေးပိုကြီးလာ
ထည့်ရတဲ့ပမာဏကလည်းပိုများလာ၊ သီးနှံထွက်နှုန်းလည်းကျ၊
သေလိုက်ချင်တော့တာဘဲ












# အပြန်အလှန်ဆက်နွယ်အကျိုးပြုသည့် စိုက်ပျိုးရေးစနစ်ပညာပေးရုပ်ပြစာစောင်
## "ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပညာသင်ကြားခြင်းစီမံကိန်း"

### စေတနာအဖွဲ့၏ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်စေရန် နှင့် နည်းပညာပြန့်ပွားစေရန် ဆောင်ရွက်မှု



စေတနာအဖွဲ့၏ "ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပညာသင်ကြားခြင်းစီမံကိန်း" ကို (၁)စာသင်ကျောင်းဆောက်လုပ်ရေးလုပ်ငန်း (၂) ကျေးရွာဖွံ့ဖြိုးရေး ဝင်ငွေတိုးလုပ်ငန်း (၃) စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက် စေရန်နှင့် နည်းပညာ ပြန့်ပွားစေရန် ဆောင်ရွက်ခြင်း ဆိုသည့် လုပ်ငန်း(၃)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။

လုပ်ငန်းစဉ်(၃)ဖြစ်သော **စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့်နည်းပညာပြန့်ပွားစေရန်ဆောင်ရွက်မှု**မှာ ပညာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် သွယ်ဝိုက်သောနည်းအားဖြင့် ဆက်နွယ်အကျိုးပြုပါသည်။ စိုက်ပျိုးရေးဖြင့် အဓိကအသက်မွေးဝမ်း ကြောင်းပြုနေသည့် ကျေးလက်နေမိသားစုများသည် စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်ပြီးစားဝတ်နေရေးအဆင်ပြေပါက ကလေးများ၏ပညာရေးနှင့်ဒေသဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ရန်အတွက် စိုက်ပျိုးမြေသည် မြေဆီမြေနှစ်များနှင့်ပြည့်စုံရန်လိုအပ်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေဘဲ မြေဆီလွှာကို ပြန်လည်ကောင်းမွန်အောင် ပြုပြင်ပေးသည့် အပြန်အလှန် ဆက်နွယ်အကျိုးပြု စိုက်ပျိုးရေးစနစ်များကို စေတနာအဖွဲ့မှ ပြန့်ပွားအောင်ပညာပေးဆောင်ရွက်လျက်ရှိပါသည်။ ယခင်က အပြန်အလှန်ဆက်နွယ်အကျိုး ပြုစိုက်ပျိုးရေးနည်းစနစ်များဖြစ်သော **ဒိုချောင်းသဘာဝမြေဩဇာ ပြုလုပ်နည်း၊ မီးသွေးပေါင်းခံရည်ထုတ်လုပ်နည်း သရုပ်ပြပွဲ**များကို EPDစီမံကိန်းဆောင်ရွက်ခဲ့သောကျေးရွာများတွင် ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ၂၀၀၆ခုနှစ် ဇူလိုင်လမှစတင်၍ EPD စီမံကိန်းကိုဆောင်ရွက်ခဲ့သော ကျေးရွာများမှ ကမ္ဘာ့လူသားအဖွဲ့အစည်း (TPA) ဖွင့်လှစ်သော **အပြန်အလှန်ဆက်နွယ်အကျိုးပြု စိုက်ပျိုးရေးစနစ်သင်တန်း**သို့တက်ရောက်နိုင်ရန်ကူညီဆောင်ရွက်ပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဒိုချောင်း သဘာဝမြေဩဇာနှင့် မီးသွေးပေါင်းခံရည်ထုတ်လုပ်ရန်အတွက်လိုအပ်သော ပစ္စည်းများကိရိယာများကို ပံ့ပိုးကူညီခြင်းကို ဆောင်ရွက်ပါသည်။ ယခုထပ်မံ၍ အပြန်အလှန်ဆက်နွယ်အကျိုးပြုစိုက်ပျိုးရေးစနစ်ပညာပေးရုပ်ပြစာစောင်ကို ထုတ်ဝေလိုက်ပါသည်။ စေတနာအဖွဲ့၏ စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့်နည်းပညာပြန့်ပွားစေရန် ဆောင်ရွက်ချက်သည် ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် အထောက်အကူပြုပါက စေတနာအဖွဲ့အနေဖြင့် လုပ်ဆောင်ရကျိုးနပ်သည်ဟုခံယူပါသည်။

မာတိကာ

- စေတနာအဖွဲ့၏ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် နည်းပညာပြန့်ပွားစေရန် ဆောင်ရွက်မှု ၁
- မြေဆီမြေနှစ်ပြန်လည်ပြည့်ဝလာသည့် နောင်ကာလအသေ ဦးစွန်းရွာ၏ စိုက်ပျိုးမြေ ၂
- ဒိုချောင်း၊ သဘာဝမြေဩဇာနှင့် မိုက်ခရိုဩဇာ နှိုင်းယှဉ်ချက် ၃
- အပြန်အလှန်ဆက်နွယ်အကျိုးပြု စိုက်ပျိုးရေးစနစ်၏ သဘောတရား ၄-၅
- အပြန်အလှန်ဆက်နွယ်အကျိုးပြု စိုက်ပျိုးရေးစနစ်များဖြင့် စမ်းသပ်စိုက်ပျိုး အောင်မြင်ခဲ့သော တောင်သူများ ၆
- သဘာဝလည်ပတ်စနစ်ကို အခြေခံသော ဝက်မွေးမြူရေး ၇
- သဘာဝအကျိုးပြုရွှင်ဆောင်မှုနှင့် ဒိုချောင်း အဏုဇီဝပိုး၏ လုပ်ဆောင်မှုစွမ်းရည် ၈




၁

# အပြန်အလှန်ဆက်နွယ်အကျိုးပြု စိုက်ပျိုးရေးနည်းစနစ်များဖြင့် စမ်းသပ်စိုက်ပျိုးအောင်မြင်ခဲ့သောတောင်သူများ



## ဦးခွန်ဒေဝါမိုး - ဂနိုင်ရွေးကျေးရွာ၊ တောင်ကြီးမြို့နယ်

ဦးခွန်ဒေဝါမိုးသည် TPA 'အပြန်အလှန်ဆက်နွယ် အကျိုးပြုစိုက်ပျိုးရေးစနစ်'သင်တန်းသို့ တက်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် ဒိုချကင်းသဘာဝမြေဩဇာအသုံးပြုပြီး အာလူးမျိုးပိဿာ **(၁၀၀) စိုက်ပျိုးခဲ့ရာ ပိဿာ (၁၀၀၀)ကျော်** ထွက်ရှိပါသည်။ ယခင်ကအာလူးမျိုးပိဿာ(၁၀၀)စိုက်ပျိုးလျှင် အများဆုံးပိဿာ (၇၀၀)ခန့်သာ ထွက်ရှိပါသည်။ အာလူးအရွယ်အစားကြီးသဖြင့် ဈေးကောင်းဖြင့်ရောင်းချနိုင်ပြီး ဝင်ငွေတိုးခဲ့ပါသည်။



## ဦးကျော်ခေါင် - နောင်ပယ်ကျေးရွာ၊ တောင်ကြီးမြို့နယ်

ဦးကျော်ခေါင်သည် ၂၀၀၃ ခုနှစ်တွင် အမှတ်စဉ်(၁၇) TPA 'အပြန်အလှန်ဆက်နွယ် အကျိုးပြုစိုက်ပျိုးရေးစနစ်' သင်တန်းတက်ခဲ့ပါသည်။ ၂၀၀၄ခုနှစ်တွင် လယ်စပါးစိုက်ပျိုးသည့်အခါ၌ ယခင်ကစိုက်ပျိုးနည်းအတိုင်း စိုက်ပျိုးပြီးတစ်ပတ် လျှင်တစ်ကြိမ် မီးသွေးပေါင်းခံရည်ကို ရေအဆ(၂၀၀)ဖြင့် ရောပြီးဖျန်းပါသည်။ ယခင်က လယ်တစ်ဧကလျှင် **စပါး(၅၃)တင်းသာ ထွက်ရှိခဲ့ရာမှ (၈၉)တင်းအထိ** အထွက်တိုးခဲ့ပါသည်။ ထို့ပြင် ကညွတ်ကိုစိုက်ပျိုးသည့်အခါတွင် ဒိုချကင်း သဘာဝမြေဩဇာနှင့် မီးသွေးပေါင်းခံရည်ကို ထည့်သွင်း အသုံးပြုခဲ့ရာ အထူးပင်သန်စွမ်းပြီး ပိုးများမကျရောက်ပါ။



## ဒေါ်စန်းမြင့်အေး - တွေပူးကျေးရွာ၊ ဆီဆိုင်မြို့နယ်

ဒေါ်စန်းမြင့်အေးသည် TPA 'အပြန်အလှန်ဆက်နွယ် အကျိုးပြုစိုက်ပျိုးရေးစနစ်' သင်တန်း တက်ရောက်ခဲ့ပါသည်။ မျိုးစေ့ကို သင်တန်းမှပို့ချသည့်နည်းအတိုင်း ရွေးချယ်၍ ဒိုချကင်းသဘာဝမြေဩဇာ ထည့်ပြီး တောင်ယာစပါးကိုစိုက်ပျိုးခဲ့သည်။ ယခင်ကတောင်ယာစပါးမျိုး(၂)ပြည် စိုက်ပျိုးလျှင်(၃၈၄)ပြည်သာ ထွက်ရှိခဲ့သော်လည်း ၂၀၀၅ ခုနှစ်တွင် **တောင်ယာစပါးမျိုး(၂)ပြည် စိုက်ပျိုးရာ (၁၁၂၀) ပြည်**ထွက်ရှိခဲ့ပါသည်။ ထွက်နှုန်းမှာယခင်ထက်(၃)ဆပို၍ ထွက်ရှိခဲ့ပါသည်။ ဒေါ်စန်းမြင့်အေးသည် ၂၀၀၅ခုနှစ်မှစတင်၍ ၂၀၀၇ခုနှစ်အထိ (၃)နှစ်ဆက်တိုက် တောင်ယာစပါးစိုက်ပျိုးသည့် အခါတွင် ဒိုချကင်းသဘာဝမြေဩဇာကိုထည့်သွင်း၍ စိုက်ပျိုးခဲ့ရာ မြေမှာအရောင်မဲသွားပြီး မွလာကြောင်းတွေ့ရှိရပါသည်။



## ဦးသန်းနိုင်ထွန်း - သရက်ပင်လှကျေးရွာ၊ တောင်ကြီးမြို့နယ်

ဦးသန်းနိုင်ထွန်းသည် အမှတ်စဉ်(၃၁) TPA 'အပြန်အလှန်ဆက်နွယ် အကျိုးပြုစိုက်ပျိုးရေးစနစ်'သင်တန်းသို့ တက်ရောက်ခဲ့ပါသည်။ သင်တန်းတက်ရောက်ပြီးနောက် ၂၀၀၆ ခုနှစ်တွင် စံပြအနေဖြင့် ဒိုချကင်းသဘာဝမြေဩဇာကို ပြုလုပ်ပြီး တောင်ယာစပါးကို စိုက်ပျိုးခဲ့ပါသည်။ စိုက်ပျိုးမြေအကျယ်အဝန်းမှာ (၁)ဧကဖြစ်ပြီး ဒိုချကင်းသဘာဝမြေဩဇာ နွားလှည်း (၅)စီးထည့်၍ မျိုးစေ့(၁)တင်း စိုက်ပျိုးခဲ့ပါသည်။ မျိုးစေ့ကိုသင်တန်းတွင် လေ့လာသင်ယူခဲ့သည့်အတိုင်း ပြုပြင်ရွေးချယ်ခဲ့ပါသည်။ ထွက်နှုန်းမှာ တင်း(၇၀)ဖြစ်ပြီး **ယခင်ကထက် (၃)ဆ ကျော်** ထွက်ရှိပါသည်။ ပင်ပွားများပြီး စပါးပင်အမြင့်မှာ လူတစ်ရပ်ကျော်ရှိပါသည်။



## ဦးဘိုအောင် - ညောင်ပင်သာကျေးရွာ၊ ရပ်စောက်မြို့နယ်

ဦးဘိုအောင်သည်အမှတ်စဉ်(၃၇) TPA 'အပြန်အလှန်ဆက်နွယ် အကျိုးပြု စိုက်ပျိုးရေး စနစ်'သင်တန်းသို့တက်ရောက်ခဲ့ပါသည်။ ထို့နောက် သင်တန်းမှသင်ကြားပို့ချပေးသည့်အတိုင်း ဒိုချကင်းသဘာဝမြေဩဇာကို ပြုလုပ်ပြီး ၂၀၀၇ခုနှစ်တွင် (888 CP)မျိုး ပြောင်းဖူး(၄၈က) စိုက်ပျိုးသည့်အခါ လှည်းအစီး(၂၀)ခန့် ထည့်ခဲ့ပါသည်။ ဓါတ်မြေဩဇာ လုံးဝမထည့်ပါ။ ထူးထူးခြားခြား (၃)ဖူးစီ ဖူးသောအပင်များမှာ လေးပုံတစ်ပုံခန့် ပါဝင်ကြောင်းတွေ့ရှိရပါသည်။ အဖူးများ ကြီးပြီး အစေ့လည်း အောင်ပါသည်။ **တစ်ဧကလျှင် (၁၈၀၀)ပိဿာခန့်** ထွက်ရှိပါသည်။ ယခင်နှစ် ၂၀၀၆ ခုနှစ်က တစ်ဧကလျှင် (၁၀၀၀)ပိဿာခန့်သာ ထွက်ရှိခဲ့ပါသည်။ ဒိုချကင်းသဘာဝမြေဩဇာသည် ဓါတ်မြေဩဇာသုံးစွဲခြင်းထက် ငွေကုန်ကြေးကျ သက်သာပြီး ထွက်နှုန်းလည်း ကောင်းကြောင်း သိရှိရပါသည်။ ဦးဘိုအောင်သည် ၂၀၀၇ ခုနှစ် တောင်ယာစပါးစိုက်ပျိုးသည့်အခါတွင်လည်း ဒိုချကင်း သဘာဝမြေဩဇာအိတ် (၅၀) (၂၄ပြည်ဆန့်သည့်အိတ်)ကို ထည့်သွင်း၍စိုက်ပျိုးခဲ့ပါသည်။ စိုက်ပျိုးမြေမှာ (၁)ဧကဖြစ်ပြီး မျိုးမှာ ဒေသမျိုး(၁၂)ပြည် ဖြစ်ပါသည်။ ဓါတ်မြေဩဇာ လုံးဝထည့်သွင်း စိုက်ပျိုးခြင်းမပြုခဲ့ပါ။ ယခုနှစ်စပါးခင်းတွင် ရွက်ဖျော့လောင်မီးပိုးကျရောက်ခဲ့ရာ မီးသွေးပေါင်းခံရည်ကို ရေအဆ (၅၀၀)ဖြင့်ရောပြီး (၁၅)ရက်လျှင် တစ်ကြိမ်နှုန်းဖြင့်ဖျန်းရာ ပိုးများကျရောက်မှုသက်သာသွားပြီး စပါးပင်များမှာ အရွယ်အစားတစ်ညီတည်းပြန်လည် သန်စွမ်းလာပါသည်။ **ပင်ပွားမှာလည်း (၁၀၀၂)ပင်ခန့်**ရှိပါသည်။ **ထွက်နှုန်းမှာ (၆၃)တင်းခွဲ**ဖြစ်ပါသည်။ ယခင်နှစ်က တောင်ယာစပါးပင်ပွားမှာ (၅-၆) ပင်ခန့်သာရှိပြီး ထွက်နှုန်းမှာ တစ်ဧကလျှင်တင်း(၄၀)ခန့်သာထွက်ရှိခဲ့ပါသည်။ ထို့ပြင် ဦးဘိုအောင်သည် ဝက်ခြံအောက်ခံကြမ်းခင်းကို ဒိုချကင်း သဘာဝမြေဩဇာထည့်၍ ဝက်တစ်ကောင်ကို စမ်းသပ်မွေးမြူခဲ့ပါသည်။ ဝက်မှာကျန်းမာပြီး သန်စွမ်းကြီးထွားပါသည်။ ယခုအခါ (၈)လသားအရွယ် ရှိပြီဖြစ်ပြီး ပိဿာချိန်(၉၀)ခန့်ရှိပြီဖြစ်ပါသည်။

၆

# ဝက်မွေးမြူရေး (သို့မဟုတ်) အပြန်အလှန်ဆက်နွယ်အကျိုးပြု သဘာဝလည်ပတ်စနစ်အားအခြေခံသောမွေးမြူရေး

## ဝက်ခြံအဆောက်အဦး(နံနက်ပိုင်းနေရောင်ခြည်ရရှိသောနေရာမှာဆောက်လုပ်ပေးရန်)

- ဝက်ကလေး၂ကောင်အတွက်လိုအပ်သောအဆောက်အဦး ပေ (၁၀×၁၂)
- ဝက်ကလေး၃ကောင်အတွက်လိုအပ်သောအဆောက်အဦး ပေ (၁၅×၁၂)
- ဝက်ကလေး၄ကောင်အတွက်လိုအပ်သောအဆောက်အဦး ပေ (၁၈×၁၂)
- ဝက်ကလေး၆ကောင်အတွက်လိုအပ်သောအဆောက်အဦး ပေ (၂၄×၁၂)
- ဝက်ခြံအမြင့် - ၆ပေ
- ကျင်း(အောက်ခံကြမ်းခင်း)အနက် - ၃ ပေ




## အောက်ခံကြမ်းခင်းအတွက် လိုအပ်သောကုန်ကြမ်းများနှင့်အစာ

- လွှစာမှုန့်တင်း ၁၀၀ (ထော်လာဂျီ ၂စီး၃စီးခန့်)ကိုပြောင်းဖူး/ပြောင်းရိုးတို့နှင့်ရောရန်။
- ဒိုချကင်းမြေဆွေး၂စီး(သို့)နွားချေး၂စီးခန့်၊
- တင်လဲရည် ၂-၃ လီတာခန့်၊
- မီးသွေးပေါင်းခံရည် ၃-၄ လီတာခန့်၊
- ဆား ၃ ပိဿာ၊
- ရေစိုထိုင်းဆ ၃၀(သို့)၄၀%တို့ကိုရော၍ ကြမ်းခင်းတွင်ဖြန့်ခင်းပေးရမည်။
- ➢ မီးသွေးပေါင်းခံရည်၊အပင်အချဉ်ဖောက်ရည်ကိုမကြာခဏရေနဲ့ရောပြီးပက်ဖျန်းပေးပါ။ အောက်ခံကြမ်းခင်းသည်ကောင်းသောမြေသြဇာဖြစ်သည်။



(၁၀)ရက် တစ်ခါ
အထက်အောက် လှန်ပေးပါ။
ဝက်ကလေးများမြေကြီးအား
တူး ဆွ ကစားတတ်သည့်အတွက်
ကြမ်းခင်း မြေမပေါ်အောင်
သတိထားရန်၊ လျော့နည်းသွားလျှင်
ပြန်ထည့်ပေးရန်လိုအပ်ပါသည်။

## အစာ

- အစာစိမ်းကိုကျွေးပါ။
- ကာဗွန်ဟိုက်ဒြိတ်ဓါတ်များသော အစာကို များများကျွေးသင့်ပါသည်။ ဥပမာ-ကန်စွန်းဥ (ဝက်တစ်ကောင်ကို ပြောင်း၊ ပဲဖတ်၊ ငါးမှုန့် ၅ ကီလိုကျွေးလျှင် အသား ၁ ကီလို တိုးပါသည်)
- ဝက်သည်အစာစားတစ်နေရာနှင့် မစင်စွန့်တာ တစ်နေရာဖြစ်သည်။
- ➢ အစာခွက်ကို တစ်နေရာတည်းတွင်ထားပါက အောက်ခံကြမ်းခင်းစိုစွတ်ပြီး ဗွက်ထလာတတ်ပါသည်။



အစာခွက်ကိုမကြာခဏနေရာရွှေ့ပြောင်းပေးရန်လိုအပ်ပါသည်။

## အကျိုးရလဒ် (ကောင်းကျိုး)

- အနံ့အသက်ဆိုးကင်းစင်စေပြီး ပိုးမွှားနည်းပါးခြင်း၊
- ဆူညံမှုမရှိခြင်း၊
- ရောဂါဒဏ်ခံနိုင်ခြင်း၊
- အစာသက်သာခြင်း၊
- မြေကြီးကိုတူးဆွကစားခြင်းကြောင့် အမြဲတမ်းကျန်းမာခြင်း၊
- အောက်ခံကြမ်းခင်းသည် ကောင်းသောမြေသြဇာအဖြစ် ရရှိနိုင်ခြင်း၊
- နွားချေးကအချဉ်ဖေါက်သောကြောင့် သန့်ရှင်းရေးလုပ်ရန်သက်သာခြင်း၊




## ဝင်ငွေ (အကြမ်းဖျဉ်း)

- ဝက်ကလေး(၃)ကောင်မွေးမြူလျှင်(၁)နှစ်လျှင်ခန့်မှန်းခြေ ဝင်ငွေ(၂)သိန်းခန့်၊
- ဘိုကိတ် (သို့) ဘတ်ရှိုင်းယားအထီး ၁ ကောင်၊ အမ ၂ ကောင်စတင်မွေးမြူသင့်ပါသည်။

ဝက်ခြံတွင်းမှရရှိလာတဲ့မြေသြဇာကို စိုက်ပျိုးရေးလုပ်ငန်းမှာ ပြန်ထည့်သုံးနိုင်တဲ့အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲလုပ်လျှင် အဆင်ပြေပါသည်။ အဲ့ဒီအပြင် မိသားစုများအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိနိုင်တဲ့အတွက် မိသားစုများ စိတ်ချမ်းသာပျော်ရွှင်မှုများ ရရှိနိုင်မည်ဟုမျှော်မှန်းမိပါသည်။



TPAနောင်ကားဒေသ၊ အပြန်အလှန်ဆက်နွယ်အကျိုးပြုသည့် စိုက်ပျိုးရေးသင်တန်းကျောင်းတွင် သင်ကြားခဲ့ခြင်းအား ပြန်လည်ကိုးကားတင်ပြလိုက်ပါသည်။

၇

## သဘာဝအကျိုးပြုစွမ်းဆောင်မှု





ဒိုချကင်းပိုးသည် သစ်ရွက်ကြွေနှင့် ဓါတ်ပြုပြီး အပင်အတွက် လိုအပ်သော သတ္တုဓါတ် (Mineral) ကို ထုတ်ပေးပါသည်။ ၎င်းသတ္တုဓါတ်ကို အပင်၏အမြစ်များက စုပ်ယူပြီး အပင်ကို သန်စွမ်းကြီးထွားစေပါသည်။

## ဒိုချကင်းအဏုဇီဝပိုး၏လုပ်ဆောင်မှုစွမ်းရည်၊




**ဒိုချကင်းအဏုဇီဝပိုးများ၏ သီးနှံပင်များသို့ အကျိုးသက်ရောက်မှု**

၁။ ဒိုချကင်းပိုးသည်မြေကြီးအတွင်းရှိသော သဘာဝပစ္စည်းများကို ဓါတ်ပြိုခွဲပြီး သီးနှံပင်များအတွက် လိုအပ်သော အာဟာရဖြစ်သည့် သတ္တုဓါတ်ကို ထုတ်လုပ်ပေးသည်။

၂။ ဒိုချကင်းပိုးကို စားသုံးသော ပိုး၊ တီကောင်များ ပွားများလာပါက ၎င်းပိုး၊ တီကောင်များသည် မြေကြီးအတွင်း သွားလာလှုပ်ရှားခြင်းကြောင့် မြေမှာ မွ၍ ပျော့ပျောင်းလာမည်ဖြစ်ပြီး အပင်များ၏အမြစ်မှာ မြေကြီးထဲသို့ ကောင်းစွာ ထိုးဖောက်ဝင်ရောက်နိုင်သဖြင့် ရှည်လျားသန်စွမ်းလာမည်ဖြစ်ပါသည်။

၃။ ပိုးကောင်၊ တီကောင်များမှ စွန့်ပစ်သော အညစ်အကြေး မစင်များသည် သီးနှံပင်များအတွက် အာဟာရဖြစ်စေပါသည်။

၄။ ဒိုချကင်းပိုးများသည် သီးနှံပင်များ၏အမြစ်များတွင် တွယ်ကပ်ပြီး အပင်အတွက် လိုအပ်သောအာဟာရဓါတ်များကို မြေကြီးတွင်းမှ စုပ်ယူနိုင်ရန် အမြစ်များတွင် အပေါက်ငယ်များကို ဖန်တီးပေးပါသည်။ ထို့ကြောင့် အမြစ်များက အပင်အတွက်လိုအပ်သော အာဟာရကို လွယ်ကူစွာ စုပ်ယူနိုင်သဖြင့် အပင်များ သန်စွမ်းကြီးထွားလာစေပါသည်။

**ဤရုပ်ပြစာစောင်နှင့်ပတ်သက်၍ အကြံပေးချက်များအား အထူးကြိုဆိုပါသည်။ စေတနာအဖွဲ့သို့ ဆက်သွယ်လိုပါက အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါသည်။**

ရန်ကုန်ရုံး – အမှတ်(၁၆)၊အောင်မြေသာစည်လမ်း၊(၁)ရပ်ကွက်၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း – ၀၉ ၈၉၁၁၆၄၆၇၇

တောင်ကြီးရုံး – အမှတ် ၂၄၃ဘီ၊သီရိမင်္ဂလာလမ်း၊သစ်တောရပ်ကွက်၊တောင်ကြီးမြို့၊ဖုန်း – ၀၉ ၄၄၄၅၆၁၀၈၈

စေတနာ

Saetanar

Education for Peace and Development (EPD)



# WE ARE SAETANAR



# EDUCATION FOR PEACE AND DEVELOPMENT

## ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်း



EPD စီမံကိန်းသည် ဂျပန်နိုင်ငံ နိပ္ပွန်အဖောင်ဒေးရှင်း၏ ထောက်ပံ့ကူညီမှုဖြင့် ဒေသခံပြည်သူလူထု၏ ကြိုးပမ်းမှုတို့ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပေါင်းစပ်ညှိနှိုင်း၍ စေတနာအဖွဲ့အစည်းမှ အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။







